ကြေးမုံ
The Mirror
၁၃ဖိခ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ဃောကြာနေ့၊ (17-11-2006) (၅၁၄၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* စျေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးဒင်မောင်သန်း မအူပင်နှင့်ပျဉ်ပုံခရိုင်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကြည့်ရှု ပျဉ်ပုံတံတား တည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ အပြီးသတ်ဆောင်ရွက်ရန်မှာကြား

နေပြည်တော် နိဝင်ဘာ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နိဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း နယ်နိမိတ်အစပ်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းအဆင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ညောင်တုန်းမြို့နယ် ခတ္တိယကျေးရွာအနီးရှိ ဝါဝါဝင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ရေနက်ကွင်း လယ်ယာမြေဖော်ထုတ်စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝါဝါဝင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးရွှေကြိုင်က ကုမ္ပဏီ၏ လုပ်ကိုင်ခွင့်ရ မြေဧရိယာအတွင်း မိုးစပါးနှင့်နွေစပါး ၈၉၁ ဧက စိုက်ပျိုးနေမှုအခြေအနေ၊ ကျန်ရှိသော ဧက ၅၈၇၀ တွင် ငါး၊ ပုစွန်ကန်များ ဖော်ထုတ်မွေးမြူနေမှု အခြေအနေနှင့် စီမံကိန်းဧရိယာအတွင်း မိုးမခချောင်း ရေလျှံမှုနှင့် ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာမှုမှ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်ဆန်းက ညောင်တုန်းဒေသရှိ ရေကြီးကွင်းရေနက်ကွင်းဧရိယာအတွင်း ရေလွှမ်းမိုးမှုမှ ကာကွယ်ရန် ရေထိန်းတံခါးများ၊ရေထွက်ပေါက်များ တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းမြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်တင်မြင့်က မြေလုပ်ကိုင်ခွင့် ခွဲဝေချထားမှုနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ⋇

ကြည့်ရှုစခန်းဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မန်းချိုနှင့် သားများ (ကိုသန့်ဇင်)၏ လောင်စာဆီအစားထိုး စပါးခွံဓာတ်ငွေ့မီးဖို လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ညအဖူချိန်

နောက်နှစ်ရက်အတွက် မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် ညအဖူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ကြေးမုံ The Mirror ဆောင်းပါး အညွှန်း

အစဉ်အလာကောင်းများနှင့် ပြည့်စုံထုံမွှမ်းနေသည့် အရပ်ဒေသ၌ ကျင်းပခဲ့သော ဆန်လျှဒါန်းပွဲ အခမ်းအနားသည် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပယ်ဖျောက်ရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှု၊ အိမ်နီးချင်းနိုင်ငံများ၏ မိတ်ဆွေစစ်မှန်သမှု၊ နယ်စပ်ဒေသအသီးသီးမှ ဒေသခံတိုင်းရင်းသားများ၏ အမျိုးသားရေးတာဝန်ကျေပွန်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုတို့ကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။

မြင့်စိုး(နတလ)၏ ***ငြိမ်းချမ်းရေးကြယ်တစ်ပွင့် လင်းလက်တောက်ပရာ "မာလီပါ"***

ဆောင်းပါး၊ စာမျက်နှာ–၃

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(17-11)01.P65 1 1/3/32, 6:17 AM

ကြေးမုံ The Mirror
၁၇-၁၁-၂၀၀၆
(သောကြာနေ့)

ကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးဖော်ဆောင်စည်းရုံးမှုစွမ်းအား၊ ကြံခိုင်မှုစိတ်ဓာတ်ဖြင့် ကြိုးပမ်း

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးသည် တစ်မျိုးသားလုံးနှင့်အကျုံးဝင်သည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး စလုံး စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့်လုပ်ငန်းဖြစ်ရာ ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင် လာနိုင်ရေးအတွက် စည်းရုံးသွားရန် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထားသည်။ အသင်းဝင်များတွင် အလွှာပေါင်းစုံ၊ နယ်ပယ်စုံ၊ အရွယ်စုံကိုယ်စားပြု ပါဝင်လျက်ရှိရာ အသင်းဝင်အားလုံး စိတ်ဓာတ်နှင့် အရည်အချင်း တိုးတက်မြင့်မားလာစေရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးများကို နှစ်စဉ်ကျင်းပ၍ အသင်းကြီးက ချမှတ်ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက်များ၊ အခြေခံမူများနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ပြည်နယ်၊ တိုင်းအလိုက် တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်နိုင်မှု အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြမြဖြစ်သည်။

ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို နိုင်ဘာလ ၄ ရက်မှ ၈ ရက်နေ့အထိ နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့ရာ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး အသင်းအဆင့်ဆင့်က လိုက်နာကျင့်သုံးသွားရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို မိန့်ကြားခဲ့သည်။ ထို့အပြင် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးက အသင်းအဆင့်ဆင့် အကောင်အထည်ဖော်ကြရမည့် ရှေ့လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့သည်။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ အသင်းဝင်ကိုယ်စားလှယ်များက အတွေးအမြင်၊ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဖလှယ်ရင်းနှီးနိုင်တော်အကျိုးစီးပွား တိုးတက်ဖော်ဆောင်နိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သစ်ကို ထူထောင်နိုင်စွမ်းရှိသည့် စည်းရုံးရေးအား၊ စည်းရုံးရေးထုကို ဖန်တီးဖော်ဆောင်ရေးသည် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ တာဝန်တစ်ရပ်ဖြစ်ရာ အသင်းဝင်များအားလုံးက စည်းရုံးမှုစွမ်းအား၊ ကြံခိုင်မှုစိတ်ဓာတ်ဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ။

ကွယ်လွန်သူ ဖခင်ဦးတင်မောင်အား ရည်စူး၍ ရန်ကုန်ဖြို့ ကျောက်ကုန်းဖိုးရာဇာလမ်းနေ မိခင် ဒေါ်အုန်းနှင့် ဦးအောင်ကြီး–ဒေါ်ဥည့်ဥတင်မိသားစုက ဒဂုံဖြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတ ဟိုးရဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းငါးသောင်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရား နာယူပြီး တိ–နို(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရဖြင့်အောင် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှု တိုင်းမှူး ဗိုလ်ချုပ်သူရဖြင့်အောင် ကြည့်ရှုလေ့လာ၍ ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၆

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဖြင့်အောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၈ ရက်နံနက်ပိုင်းက ပုသိမ်ဖြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ရောဝတီတိုင်း မိခင်နှင့်ကလေး ဈေးဝှေ့ရောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ရန်ကုန်ဖြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးမှ ပါမောက္ခ ပရော်ဖက်ဆာ ဒေါက်တာဦးခင်မောင်လွင် ဦးဆောင်သောအဖွဲ့က တိုင်းအတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသပေးနေမှုကို သွားရောက်ကြည့်ရှုလေ့လာ၍ လာရောက်ပြသကုသသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမိခင်နှင့် ကလေးဈေးဝှေ့ရောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆောင်ရွက်ပေး

ယင်းနောက်တိုင်းမှူးသည် အထွေထွေရောဂါကုဆေးရုံရှိ သွေးသိုလှောင်ခန်းသို့ သွားရောက်၍ လူနာ ၃ ဦးအား သွေးများ မယူကိစ္စဈေးရောင်း ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ လူနာ ၃ ဦးအား သွေးအနှစ်နှင့် အရည်ကြည်ခွဲစက်၊ သွေးသိုလှောင် ရေခဲသေတ္တာတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်က လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ပုသိမ်ဖြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပါမောက္ခ ဒေါက်တာဦးခင်မောင်လွင် ဦးဆောင်၍ အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်နေ့အထိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ဘုရင့်နောင်ချေး ပညာရည်ချွန် ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၆

မရမ်းကုန်းဖြို့နယ် ဘုရင့်နောင် ချေးကြီး ချေးသာယာရေးအဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ဘုရင့်နောင် ချေးကြီးဝင်းအတွင်းကျင်းပရာ ချေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ ချေးသူ၊ ချေးသားများ၊ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် ဘုရင့်နောင်ချေးကြီး ချေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလှအေးတို့က အမှာစကားပြောကြားပြီး ခြောက်ဘာသာ ဂုဏ်ထူးရသူ တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရသူ သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရသူသုံးဦး၊ နှစ်ဘာသာဂုဏ်ထူး ရသူတစ်ဦး စုစုပေါင်း ၁၄ ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုလက်မှတ်များကို လည်းကောင်း(**အောက်ပုံ**) ငါးဘာသာဂုဏ်ထူးရှင်အမှတ် ၅၂၉မှတ် အများဆုံးရရှိသူ၏ မိဘနှစ်ပါးအား ချေးသာယာရေးအဖွဲ့မှ ပညာဥယျာဉ်မှူး ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်း ဒဂုံဖြို့သစ်(မြောက်ပိုင်း) ဖြို့နယ် အမှတ်(၃၄) စံပြရပ်ကွက် မြန်မာ့သစ်လုပ်ငန်းမဌာန၌ နိုဝင်ဘာ ၁၈ ရက်တွင် ပဋိဋကတစ်ပုံအောင် ဓမ္မကထိက ဗဟုဇနဟိတဝရ ရွှေမြင့်မိုရ် ဆရာတော် ဘဒ္ဒန္တသောဘဏ၊ ၁၉ ရက်တွင် ပဋိဋကတစ်ပုံခွဲအောင် မဟာဓမ္မကထိက ဗဟုဇနဟိတဝရ ရွှေပြည်ဟိန်း ဆရာတော် အရှင်ဓမောသီရိ လက်ံရ (သီတဂူကြာတစ်ပွင့်)၊ ၂၀ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဝရ ကမ္မဋ္ဌာနစရိယတွဲတော်းအရှင်ဣန္ဒ၊ ၂၁ ရက်တွင် တိပိဋကဝရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော် ဘဒ္ဒန္တ သီရိန္ဒဘိဝံသ၊ ၂၂ရက်တွင် ဓမ္မစေတီ အရှင်ကောသလ္လ (မဟာဝိဇ္ဇာ/ဗုဒ္ဓဘာသာ)၊ ၂၃ ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဝရ ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ၊ ၂၄ရက်တွင် သာသနဓဇ သဒ္ဓမ္မနေရုပုဋ သာသနဓောတိပါလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဝရ ဓမ္မဒူတအရှင် ဆောက်ခ်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

ရွှေမင်းကံမိုးကုတ်ရိပ်သာ ခုနှစ်ရက်တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၁၆

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့် ဓမ္မကထိက ဆရာတော် ဦးကေသရ(ရွှေမင်းကဲ) သည် ဒဂုံဖြို့သစ် အရှေ့ပိုင်းဖြို့နယ် (၄) ရပ်ကွက် သြဇာလမ်း၌ မိုးကုတ် ဓမ္မရိပ်သာရွှေမင်းကဲကျောင်း၌ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၂၅ ရက် ညနေအထိ ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ငြိမ်းချမ်းရေးကြယ်တစ်ပွင့် လင်းလက်တောက်ပရာ "မာလီပါ"

မြင့်ဘိုး (နတလ)

လောက်ကိုင်ဒေသနှင့် ပတ်သက်၍ မတူညီသော မြင်ကွင်းပုံရိပ်များက ကျွန်တော်၏ စိတ်အာရုံတွင် အစီအရီရှိနေဆဲ။ ၁၉၉၅ ခုနှစ် ဇွန်လဆန်းတွင် လောက်ကိုင်ဒေသသို့ စတင်ရောက်ဖူးခဲ့သည်။ တာဝန်က လောက်ကိုင်၊ ကုန်းကြမ်း၊ ချင်းရွှေဟော်၊ နမ့်တစ် ဒေသများတွင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော ဒေသဖြစ်သော်ငြား များမကြာမီကာလမှာပင် မိမိရပ်ရွာဒေသသဖွယ် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရင်း တစ်ဖက်ကလည်း ကိုးကန့်တိုင်းရင်းသားများ၏ လူမှုဘဝကို စေ့စေ့လေ့လာမိသည်။

မာလီရှူးအပင်များ ပေါက်ရောက်သော ကိုးကန့်ဒေသသည် "မာလီပါ"ဟူသော အမည်နှင့် လိုက်ဖက်ညီစွာ ကျယ်ပြန့်သောလွင်ပြင်များ ဖြစ်တည်နေကြသည်။ လောက်ကိုင်ခရိုင်အတွင်း၌ ရှင်းရွှေဟော်၊ လောက်ကိုင်၊ ကုန်းကြမ်းဖြို့နယ်များ ပါဝင်သည်။

ကိုးကန့်ဒေသအတွင်း၌ ၁၈၄၀ ပြည့်နှစ်ခန့်မှစ၍ ဘိန်းစိုက်ပျိုးမှု စတင်ခဲ့ရာမှ ၎င်းဒေသသည် ဘိန်းသံသရာ၌ နစ်မွန်းလည်ပတ်ခဲ့ရသည်။

၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကိုးကန့်ဒေသကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းသွားပြီး နိုင်ငံတော်အစိုးရသည် လမ်းတံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းများ၊ သာသနာရေးလုပ်ငန်းများ အစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ယင်းလုပ်ငန်းများအပြင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ ချင်းရွှေဟော်ကော ၅၀ စံပြ ရော်ဘာစိုက်ခင်း၊ မန်တုံပါးနှင့် နားလီဒေသ ကြစိုက်ခင်းများ၊ မန်အုံပါဒေသ ဘိန်းအစားထိုး ၈က ၁၀၀၀ ပန်းနှမ်းစိုက်ခင်းများအပြင် 'ဝ'ဒေသ နမ့်တစ်တွင်လည်း စံပြစိုက်ပျိုးရေး ခြံတစ်ခြံကို စိုက်ပျိုးပြသခဲ့သည်။ မွေးမြူရေးလုပ်ငန်း ဆပ်ကော်မတီမှလည်း မွေးမြူရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြသခဲ့ကြသည်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကိုးကန့်ဒေသသို့ ထပ်မံရောက်ရှိသောအခါ အရာရာကို ဇည့်သည်တစ်ဦးပမာ လိုက်လံကြည့်ရှု ငေးမော ရပြီ။ 'လားရှိး–သိန္နီ–ကွမ်းလုံ–ချင်းရွှေဟော် ကတ္တရာလမ်းသစ်ကြီးသည် လည်းကောင်း၊ နမ့်တိမ်ချောင်းပေါ်က နမ့်တိမ်တံတားနှင့် ညီနောင်တံတားတို့သည်လည်းကောင်း၊ ချောင်းတစ်ဖက်တွင် တစ်မျှော်တစ်ခေါ် တွေ့မြင်ရသော 'ဝ'ဒေသ နမ့်တစ်ဖြို့အနီးမှ ဘိန်းအစားထိုးသီးနှံ၊ လိုင်ဈီး၊ နှင်းဆီ စိုက်ခင်းကြီးများသည်လည်းကောင်း အံ့သြဘနန်း ဖြစ်ခဲ့ရသည်။ ချင်းရွှေဟော်–လောက်ကိုင် ကားလမ်းသည်လည်း ပိုမို ကောင်းမွန်သွားသကဲ့သို့ ကားလမ်းနံဘေးတစ်လျှောက် စိမ်းညိုညို့ ကြခင်းကြီးများကို မကြာခဏ တွေ့မြင်ရသည်။ ကားလမ်းနံဘေးက မာလီရှူးဝါး၊ ပါစင်ကျော် စသည့် ကျေးရွာများသည်လည်း လူနေထူထပ် စည်ကားများပြားလာသည်ကို သတိပြုမိသည်။ လောက်ကိုင်ဖြို့ အနေအထားမှာမူ အထူး ပြောရန်မလိုတော့ပြီ။

ယခင်လောက်ကိုင်ဖြို့ကို ဗဟိုပြုပြီး အရှေ့ဖြမ်းဖြို့သစ်၊ စာမဏီဖြို့သစ်၊ ရွှေဆင်ဖြို့သစ်၊ ဦမိုးချမ်းရေး ဖြို့သစ်၊ ဖုံလီချိုန်ဖြို့သစ် (နဂါးညီနောင်ဖြို့သစ်)နှင့် အနောက်ပိုင်းဖြို့သစ် စသည်ဖြင့် ဖြို့သစ်များ ပတ်ပတ်လည် တိုးချဲ့တည်ဆောက်ထားရာ ဟိုးအရင် တစ်ခေါက် ရောက်စဉ်ကထက် လေးငါးဆမက ကြီးမားကျယ်ပြန့်သွားပေပြီ။ ဟိုတယ်ကြီးတွေကလည်း အစီအရီ။ တယ်လီဖုန်း ဆက်သွယ်ရေး စနစ်လည်း တိုးတက်ပြောင်းလဲခဲ့သည်။ ထို့နှစ်၌ လောက်ကိုင်ဖြို့တွင် မူးယစ်ဆေးဝါးပယောက်ရေး အထိမ်းအမှတ် ပြတိုက်ကြီးကို တည်ဆောက်ဖွင့်လှစ်ပြသနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သော တောင်သူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို လောက်ကိုင်ဖြို့ မူးယစ်ဆေးဝါးပယောက်ရေး အထိမ်းအမှတ် ပြတိုက်၌ ကျင်းပပြုလုပ်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်၊ လောက်ကိုင် တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုးကန့်နှင့် 'ဝ'ဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ မြန်မာနိုင်ငံ နယ်စပ်ဒေသ မူးယစ်ဆေးဝါးပယောက်ရေးတွင် ပူးပေါင်းဆောင်ရွက်နေသည့် ကုလသမဂ္ဂကမ္ဘာစားနပ်ရိက္ခာ အစီအစဉ် (WFP)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားတိုင်းပြည်များ အကူအညီပေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဝမ်ရွှမ်းရှန် ဦးဆောင်သော ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ CCTV၊ Yunnan TV၊ ဆင်ဟွာသတင်းဌာန၊ ယူနန်နေ့စဉ်သတင်းဌာနများမှ သတင်းနှင့်ပြန်ကြားရေးအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေး ဝန်ကြီးဌာန နိုင်ငံခြားတိုင်းပြည်များ အကူအညီပေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပယောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများ၊ နိုင်ငံတော်၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အခြေအနေ၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထိုသို့ ဖြန့်ဝေရာတွင် သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်းသူများအား အခမဲ့ထောက်ပံ့ခြင်း၊ ကျေးရွာအကျိုးပြု လုပ်ကိုင်သူများအား လုပ်အားခအဖြစ် ဆန်ထောက်ပံ့ပေးခြင်း၊ ကျောင်းတက်သည့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများအား ဆန်ထောက်ပံ့ပေးခြင်းစသည့် အစီအစဉ် သုံးမျိုးဖြင့် ထောက်ပံ့ပေးခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများအား ဆန်ဖြန့်ဝေပေးသည့် WFP ၏ (Food For Education) အစီအစဉ်ကြောင့် နယ်စပ်ဒေသများတွင် ကျောင်းဝင်နှုန်း၊ ကျောင်းတက်နှုန်း မြင့်မားရေးကို များစွာအထောက်အကူပြုခဲ့သည်။

၂၀၀၅ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံ WFP သို့ လှူဒါန်းသည့် ဆန်တန်ချိန် ၁၀၀၀ကို 'ဝ'ဒေသအတွင်း ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သော တောင်သူမိသားစုများအား ဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)သည် 'ဝ'ဒေသ တောင်ပိုင်းတွင် 'ဝ'ဒေသအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်း (WADP)ကို ၁၉၉၈ခုနှစ်မှစတင်ကာ ၂၀၀၇ခုနှစ်အထိ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)နှင့်ပူးပေါင်းဆောင်ရွက်မှုအဖြစ် လူ့စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို ၁၉၉၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း အဆင့် လေး ဆင့်သတ်မှတ်ကာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များအတွင်း ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးမြှင့်ရရှိရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

တရုတ်–မြန်မာ နှစ်နိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်း သောဆန်တန်ချိန် ၁၀၀၀၀ကို စက်တင်ဘာလ ၁၉ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း ပန်ဝါ၊ လိုင်ဇာ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားမှတစ်ဆင့် ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများသို့ ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။

ရှေးယခင်က လောက်ကိုင်ဒေသသည် "မာလီပါ"ဟူသော အမည်ဖြင့် ထင်ရှားခဲ့သည်။ "မာလီ"သည် အပင်ဟု အဓိပ္ပာယ်ရပြီး "ပါ"သည် ပြန့်ပြူးသော ဒေသဟု အဓိပ္ပာယ်ရ၏။ မာလီရှူးခေါ် အပင်တစ်မျိုးကို အစွဲပြု၍ ခေါ်တွင်ခြင်းဖြစ်ကြောင်း သိရသည်။ မာလီပါသည် နယ်ချဲ့ဖက်ဆစ်နှင့် ကွေပင်တန်ကျူးကျော်သူများကို တွန်းလှန်မောင်းထုတ်၍ ကိုးကန့်တိုင်းရင်းသားများ၏ ဈာတိသွေး၊ ဈာတိမာန် ထွန်းပြောင်စေခဲ့သော အရပ်ဒေသဖြစ်ခဲ့သည်။ မာလီပါသည် ပထမဆုံးငြိမ်းချမ်းရေးကြယ်တစ်ပွင့်လင်းလက်တောက်ပရာ အရပ်ဒေသဖြစ်ခဲ့သည်။ မာလီပါသည် ၂၀၀၃ ခုနှစ်၌ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုကို အပြီးအပိုင် စွန့်လွှတ်ခဲ့သော အရပ်ဒေသဖြစ်လာခဲ့သည်။

ထိုသို့ အစဉ်အလာကောင်းများနှင့် ပြည့်စုံထုံမွှမ်းနေသည့် အရပ်ဒေသ၌ ကျင်းပခဲ့သော ဆန်လှူဒါန်းပွဲ အခမ်းအနားသည် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပယောက်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ အိမ်နီးချင်းနိုင်ငံများ၏ မိတ်ဆွေစစ်ပီသမှု၊ နယ်စပ်ဒေသအသီးသီးမှ ဒေသခံတိုင်းရင်းသားများ၏ အမျိုးသားရေးတာဝန်ကျေပွန်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုတို့ကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ တစ်နည်းဆိုရသော် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပယောက်ရေးကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းမှ အပြည့်အဝ ယုံကြည်ထောက်ခံမှုကို ဖော်ညွှန်းလျက် မော်ကွန်းကမ္ဘည်းသစ် ရေးထိုးလိုက်ခြင်းပင်တည်း။ ။

နှစ်ပေါင်း ၂၇၀၀ က ကြေးထည်ပစ္စည်း ၁၀၀ ကျော် ရှုနစ်ပြည်နယ်၌ တူးဖော်ရရှိ

စီအန် နိုဝင်ဘာ ၁၅

တရုတ်ရှေးဟောင်း သုတေသနပညာရှင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၇၀၀က ကြေးထည်ပစ္စည်းအမယ်ပေါင်း ၁၀၀ကျော်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှုန်စီပြည်နယ်၌ တူးဖော်ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ယင်းကြေးထည်ပစ္စည်း ၁၀၃ မျိုးတွင် လက်နက်များ၊ နှစ်ဘီးတပ်စစ်ရထားများနှင့် ကရားတို့ပါဝင်သည်။ အချို့ပစ္စည်းများတွင် ပိုင်ရှင်တို့၏ အမှတ်တံဆိပ်များ ကမ္ဘည်းထိုးထားသည်။

စတင်တွေ့ရှိ

ဖူဖင်းစီရင်စု ဝူကျန်ကျေးရွာ၌ တောင်သူခြောက်ဦးက ၎င်းတို့၏ လယ်ကွက်ထဲတွင် ရေမြောင်း တူးဖော်နေစဉ် မြေအောက်ခန်းတစ်ခန်းမှ အဆိုပါ ပစ္စည်းများကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ တွေ့ရှိချက်ကို ဒေသဆိုင်ရာ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ တာဝန်ရှိသူများထံသို့ ချက်ချင်းအကြောင်းကြားခဲ့သည်။

ယင်းကြေးထည်ပစ္စည်းများမှာ အနောက်ဂျူမင်းဆက်(၁၁၀၀ဘီစီ–၇၇၁ဘီစီ) ခေတ်လယ်ပိုင်း သို့မဟုတ် ခေတ်နောင်းပိုင်းမှ ပစ္စည်းများ ဖြစ်နိုင်ကြောင်း ရှုန်စီရှေးဟောင်းသုတေသနဌာနမှ သုတေသီ ဂူဇင်ဖင်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကျပန်နိုင်ငံ အိုဆာကာမြို့ ငါးပြတိုက်တွင် မီးလုံးများဖြင့် အလှဆင်ထွန်းညှိထားသော ဝေလငါးပုံအရှေ့ကို နိုဝင်ဘာ ၁၃ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ– အင်တာနက်)*



နည်းပညာသစ်အသုံးပြု၍ သောက်ရေသန့် ထုတ်ယူနိုင်

ဝါရှင်တန် နိုဝင်ဘာ ၁၅

နာမိုနုည်းပညာခေါ် အလွန်သေးငယ်သော ပစ္စည်းများ လေ့လာသည့် သိပ္ပံပညာကို အသုံးချခြင်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိသော လူသန်းပေါင်းများစွာအတွက် လိုအပ်သော သောက်ရေသန့်ကို စရိတ်အကုန် အကျနည်းပါးစွာဖြင့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာတော်များက ထုတ်ဖော်ပြောကြားသည်။

သိပ္ပံပညာရှင်များသည် အလွန် သေးငယ်သော သံအောက်ဆိုဒ်အမှုန်ကလေးများကိုအသုံးပြုကာ ရေတွင် ပါလာသည့် မလိုလားအပ်သောပစ္စည်းများကို ဖယ်ထုတ်ကြသည်။ ရေတွင်ပါလာသော အဆိပ်အတောက်ဖြစ်စေသည့် အာဆင်းနစ်ဓာတ်ပစ္စည်းသည် သံအောက်ဆိုဒ်နှင့် လွယ်ကူစွာ ပေါင်းစပ်နိုင်သည့်အတွက် ယင်းအညစ်အကြေးများကို သံအောက်ဆိုဒ်သုံး၍ လွယ်လွယ်ကူကူ ဖယ်ရှားနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

အနည်ထိုင်

အထက်ပါ တွေ့ရှိချက်နှင့်ပတ်သက်သောအစီရင်ခံစာကို ပါမောက္ခ ဒေါင် နက်တယ်လ်ဆင်က ရေးသားတင်ပြခဲ့သည်။ သံအောက်ဆိုဒ်မှုန့်များကို ရေအိုးအတွင်း ထည့်လိုက်သောအခါ ရေနှင့်အတူ ပါလာသော အာဆင်းနစ်များသည် သံအောက်ဆိုဒ်နှင့်ပေါင်းကာ အနည်ထိုင်သွားမည်ဖြစ်သည်။ ထိုအခါ သံလိုက်ကိရိယာသုံး၍ ယင်းအဆိပ် အတောက်အမှုန့်များကို ဖယ်ရှားပြီး နောက် အပေါ်ပိုင်းမှ ရေကြည်ရေသန့်ကို ယူခြင်းအားဖြင့် အတော်အတန် သန့်ရှင်းသော သောက်သုံးရေကို ရရှိနိုင်သည်ဟုဆိုသည်။ ***အင်တာနက်။***

ဖြိတ်နိုနိုင်ငံ ဘာမင်ဂမ်အလယ်ပိုင်းရှိ ကလပ်တွင် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေကြသည်ကို နိုဝင်ဘာ ၁၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ– အင်တာနက်)*

ကိပ်တောင်းမြို့အနီးတွင် ရထားနှင့်ထရပ်ကားတိုက်မိ ၂၇ဦးသေဆုံး

ကိပ်တောင်း နိုဝင်ဘာ ၁၅

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့အရှေ့ဘက်၄၅ ကီလိုမီတာခန့်အကွာရှိ ဆမ်မာဆက်ဂ်မြို့တွင် ရထားတစ်စင်းနှင့် ထရပ်ယာဉ်တစ်စီးတို့ မတော်တဆတိုက်မိသဖြင့် သေဆုံးသူဦးရေမှာ တနလ်ာနေ့ နံနက် အထိ ၂၇ ဦးရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ယင်းဖြစ်ရပ်တွင် လူ ၂၇ ဦးသေဆုံးသည်ဟု ပြောရေးဆိုခွင့်ရှိသူ ခရစ်ဘိုသာက ပြောကြားသည်။ ခြောက်ဦးထိခိုက်ဒဏ်ရာရရှိပြီး သုံးဦးမှာ စိုးရိမ်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ သေဆုံးသူအားလုံးနှင့် ဒဏ်ရာရရှိသူတို့သည် ထရပ်ယာဉ်နှင့် နောက်တွဲယာဉ်တွင် စီးနင်းလိုက်ပါလာသူများဖြစ်သည်။ လယ်သမား ၃၀ ခန့်တင်ဆောင်လာသည့် နောက်တွဲပါ ထရပ်ယာဉ်သည် ကိပ်တောင်းမြို့သို့ ဦးတည်မောင်းနှင်လာသော ရထားနှင့်တိုက်မိခြင်းဖြစ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယူးဇီလန်ကမ်းခြေတွင် ဝေလငါးများသေဆုံး

ကင်ဘာရာ နိုဝင်ဘာ ၁၅

နယူးဇီလန်ကမ်းခြေတွင် ဝေလငါးအကောင် ၄၀ခန့် သေဆုံးနေသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် ပင်လယ်ကမ်းခြေအနီး နေထိုင်သူများက အခြားသော ဝေလငါးအကောင် ၄၀ ခန့်ကို ကယ်တင်ပေးနိုင်ကြောင်း သြစတြေးလျသတင်းဌာနက နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်ကြေညာ သည်။

အုတ်ကလန်ဖြို့ မြောက်ဘက် ကီလိုမီတာ ၁၄၀အကွာရှိ ရူခါခါကမ်းခြေတွင် နေထိုင်ကြသော ဒေသခံများက သောင်တင်နေသည့် ရေကြောင်းပြဝေလငါးများကို ကယ်တင်ပေးခဲ့ရကြောင်း သြစတြေးလျအသံလွှင့်ကော်ပိုရေးရှင်းက သတင်းထုတ်ပြန်သည်။ စေတနာ့ဝန်ထမ်းများသည် ဝေလငါးအကောင် ၄၀ ခန့်ကို ပင်လယ်ပြင်အတွင်းသို့ ပြန်လည်ရောက်ရှိအောင် ကူညီပေးခဲ့ကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်း စီစဉ်ဆောင်ရွက်သူ ဂူးကမ့်ပ်ဘဲလ်က သေဆုံးသွားသော ဝေလငါးအကောင် ၄၀ကို မြှုပ်နှံရန် စီစဉ်ပေးခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အင်ဒိုနီးရှားတွင် သတ်ဖောနစ်မြုပ်

ဂျကာတာ နိုဝင်ဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းကမ်းလွန်ရေပြင်တွင် ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်သည့်အတွက် ကလေးရှစ်ဦး အပါအဝင် လူ ၁၀ ဦး သေဆုံးပြီး ခရီးသည်တစ်ဦး မျောက်ဆုံးနေကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ယခုနစ်မြုပ်သွားသော သင်္ဘောနှင့်အတူ ခရီးသည်ပေါင်း ၆၀ လိုက်ပါသွားခဲ့သည်ဟု အလယ်ပိုင်း ကာလီမန်တန်ပြည်နယ် ဆိပ်ကမ်းအာဏာပိုင် အက်ဒီယိုယာနီက ပြောကြားသည်။

သင်္ဘောနစ်မြုပ်သွားသောနေရာသည် ဂျကာတာမြို့ အရှေ့မြောက်ဘက် မိုင် ၃၆၀ အကွာ ဆူကာမာရာဆိပ်ကမ်းမှ မိုင် ၄၀အကွာတွင်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း နီပေါတွင် အကောင်အထည်မော်မည်

ခတ္တမန္တူ နိုဝင်ဘာ ၁၅

နီပေါနိုင်ငံ အနောက်အလယ်ပိုင်းဒေသတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၄၀ ထုတ်လုပ်ပေးနိုင်စွမ်းရှိသော ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းတစ်ရပ်ကို အိန္ဒိယ နိုင်ငံက အကောင်အထည်ဖော်သွားရန် မူအားဖြင့် သဘောတူလက်ခံလိုက်ပြီဖြစ်ကြောင်း ခတ္တမန္တူပို့စ် သတင်းစာတွင် ရေးသားဖော်ပြသည်။

ခတ္တမန္တူမြို့၏ အနောက်ဘက် ကီလိုမီတာ ၅၀၀ အကွာ ရပ်တိမြစ်ပေါ်တွင် နအူမူရီ ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်သွားရန် အစီအစဉ်ရှိသည်။ ထိုစီမံကိန်းပြီးစီးပါက နီပေါနိုင်ငံ၏ ဆောင်းတွင်းကာလ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း နီပေါဒုတိယဝန်ကြီးချုပ် ကေမီရှားမားအိုလီ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ရေးသားခြင်းဖြစ်သည်။

နီပေါနိုင်ငံမြောက်ပိုင်းတွင် ကူလီခါနီရေအားလျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်း တစ်ခုတည်းသာရှိသည်။ ဒုတိယဝန်ကြီးချုပ် အိုလီလာသည် အိန္ဒိယနိုင်ငံသို့ သွားရောက် ဆွေးနွေးပြီးနောက် မီဒီယာများနှင့် တွေ့ဆုံရာ၌ အထက်ပါသတင်းစကားကို ပြောကြားခြင်းဖြစ်သည်။ ၂၀၀၇ခုနှစ် မတ်လတွင် သက်တမ်းကုန်ဆုံးတော့မည့် နှစ်နိုင်ငံကုန်သွယ်ရေး စာချုပ်ကိုလည်း ပြန်လည်သုံးသပ်ရန် စီစဉ်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ပုဂ္ဂလိက ဆေးရုံတစ်ရုံမှ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေကြသူ ဝန်ထမ်းများကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ– အင်တာနက်)*

ကမ္ဘာ့အကြီးဆုံးခရီးသည်တင်လေယာဉ်အဲဘတ်စ်အေ-၃၈၀ စမ်းသပ်ပျံသန်းသည့်ခရီးစဉ်အဖြစ် စင်ကာပူလေဆိပ်သို့ဆင်းသက်

စင်ကာပူ နိဝင်ဘာ ၁၅

ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေယာဉ် အဲဘတ်စ် အေ-၃၈၀ သည် ကမ္ဘာတစ်ဝန်းတွင် စမ်းသပ်ပျံသန်းမှုပြုလုပ်မည်ဖြစ်ရာ ၁၀ နေရာတွင် ဆင်းသက်ရပ်နားမည်ဖြစ်သည်။ နိဝင်ဘာ ၁၄ ရက် နံနက်က စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ယင်းလေယာဉ်ဆင်းသက်ခဲ့သည်။

ကမ္ဘာ့အကြီးဆုံးခရီးသည်တင်လေယာဉ် အဲဘတ်စ် အေ-၃၈၀ အား ပြင်သစ်နိုင်ငံ တူလုစ်လေယာဉ်ရုံအတွင်း နိဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေကြောင်းပျံသန်းရေး စံနှုန်းထားနှင့် ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်မည်ဖြစ်သည်။ အဲဘတ်စ် အေ-၃၈၀ လေယာဉ်ကို ပျံသန်းချိန် နာရီ ၁၅၀ ပြည့်မီရန် ၁၇ ရက်ကြာ စမ်းသပ်မောင်းနှင်မည်ဖြစ်ကြောင်း ချန်နယ်လ်နယူးအာရှ သတင်းဌာနက ဖော်ပြသည်။

လိုင်စင်ခွင့်ပြုပေးမည်

အေ-၃၈၀ လေယာဉ်မှာ စမ်းသပ်ပျံသန်းမှုများ အောင်မြင်ပါက ယင်းလေယာဉ်ကို ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လေကြောင်းလုပ်ငန်းတွင် အသုံးပြုနိုင်ရန် လိုင်စင်ခွင့်ပြုပေးမည်ဖြစ်သည်။

အဲဘတ်စ်ကုမ္ပဏီမှာ ဥရောပတွင် အကြီးဆုံး လေယာဉ်ထုတ်လုပ်သော ကုမ္ပဏီဖြစ်သည်။ ယင်းကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းလုံးရှိ လေကြောင်းလိုင်း ၁၅ ခုမှ အေ-၃၈၀ လေယာဉ်အစင်း ၁၆၀ ကို ဝယ်ယူရန် အမှာစာများရရှိထားပြီးဖြစ်သည်။ ယင်းအမှာစာများတွင် စင်ကာပူလေကြောင်းလိုင်း (အိုင် အက်စ်အေ)မှ လေယာဉ် ၁၉ စင်း ဝယ်ယူမည့် အမှာစာလည်း ပါဝင်သည်။

သို့သော် လျှပ်စစ်ဝါယာသွယ်တန်းမှုဆိုင်ရာ ပြဿနာများရှိသည့်အတွက် အေ-၃၈၀ လေယာဉ်ကိုထုတ်လုပ်ရန် သုံးကြိမ်မြှ ကြန့်ကြာမှုဖြစ်ခဲ့ကြောင်း၊ အေ-၃၈၀ အမျိုးအစား ပထမဆုံး လေယာဉ်ကို ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် စင်ကာပူလေကြောင်း လိုင်းသို့ အရောက်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

ခရီးသည် ၅၅၅ဦးမှ ၈၄၀ အထိ စီးနင်းလိုက်ပါနိုင်သော အကြီးဆုံး ခရီးသည်တင်လေယာဉ်ဖြစ်ပြီး ကီလိုမီတာ ၁၅၀၀၀ ကျော်ကိုလည်း တောက်လျှောက် ပျံသန်းနိုင်မည်ဖြစ်သည်။ အဆိုပါလေယာဉ်ကို စမ်းသပ်ပျံသန်းရာတွင် ဆိုးလ်၊ ဟောင်ကောင်၊ ကျန်စူး၊ ပေကျင်း၊ ရှန်ဟိုင်း၊ နာရီတာ၊ ဂျိုဟန်နက်စ်ဘတ်၊ ဆစ်ဒနီ၊ ဗန်ကူးဗား တို့သို့ ဆင်းသက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ ရထားစီးခရီးသည်များ အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှုများပြုလုပ်

မွမ်ဘိုင်း နိဝင်ဘာ ၁၅

ဇုံးခွဲတိုက်ခိုက်မှုဒဏ် အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အဆင်သင့်ပြင်ဆင်ထားသည့် အနေဖြင့် ရာပေါင်းထောင်ချီရှိသည့် မီးရထားစီးခရီးသည်များသည် လူစုလူဝေးဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး လေ့ကျင့်ခန်းများကို တနလာ့နေ့က ပြုလုပ်ခဲ့ကြသည်။

မွမ်ဘိုင်းမြို့ရှိ မီးရထားလုပ်ငန်းကွန်ရက်ဇုံးဖောက်ခွဲခဲ့ရသဖြင့် လူ ၁၈၆ဦး သေဆုံးပြီးခဲ့သည့်နေ့ကို လေးလအကြာတွင် ဖော်ပြပါအတိုင်း လုံခြုံရေးလေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ မီးရထားလုပ်ငန်းကွန်ရက်သည် နေ့စဉ်ရထားစီးခရီးသည်ပေါင်း ၁၄ သန်းခန့်ကို သယ်ယူ ပို့ဆောင်ပေးလျက်ရှိပြီး စစ်သွေးကြွများ အလွယ်တကူ တိုက်ခိုက်နိုင်သည့် ပစ်မှတ်တစ်ခုဖြစ် လျက်ရှိသည်ဟု လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

ထိုင်းနိုင်ငံတွင် မာရှယ်လောဆက်လက်ထားရှိမည်ဟု ဇွဲဒိန်းဝန်ကြီးချုပ် ပြောကြား

ဗန်ကောက် နိဝင်ဘာ ၁၅

အမေရိကန်သမ္မတ ဂျော့ဂ်ျဒဗလျူဘုရှ် တက်ရောက်မည့် ဒေသဆိုင်ရာ ထိပ်သီး အစည်းအဝေးမကျင်းပမီ မာရှယ်လောအုပ်ချုပ်ရေး ရုပ်သိမ်းရန် အစီအစဉ်များကို ထိုင်းနိုင်ငံက စွန့်လွှတ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စကို ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည်မဟုတ်သေးသောကြောင့် ဖြစ်သည်။

စက်တင်ဘာ ၁၉ ရက်က အာဏာသိမ်းပြီး ပြဋ္ဌာန်းခဲ့သည့် မာရှယ်လောနှင့် ပတ်သက်သည့်ကိစ္စကို ဗီယက်နမ်တွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အေပက်) ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည်မဟုတ်ကြောင်း အမေရိကန်သံအမတ်ကြီး ရပ်ဖ်ဖွိုက်စ်က မိမိအားပြောကြားသည်ဟု ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ်ချုလာနွန်က အင်္ဂါနေ့တွင် ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

အာဖရိကတိုက် ကွန်ဂိုနိုင်ငံ ကင်ရှာဆာဖြို့၌ ပြေးဆွဲနေသော လော်ကယ်ရထား တစ်စင်းကို နိဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျနိုင်ငံနယူးဆောက်သ်ဝေးပြည်နယ်၌ စမ်းသပ်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ကိရိယာတစ်ခုကို နိဝင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားတောင်ပိုင်း ရဲစခန်း ပင်လယ်ဓားပြများ ဝင်ရောက်စီးနင်း

လေဂို့စ် နိဝင်ဘာ ၁၅

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း ရဲစခန်းကို ပင်လယ်ဓားပြအဖွဲ့ ဝင်ရောက်စီးနင်းမှုဖြစ်ပွားခဲ့ကြောင်း၊ ဒေသဆိုင်ရာ အစိုးရပိုင်ရွေးကြေးများနှင့် လက်နက်များကိုလည်း ယူဆောင်သွားကြောင်း နိုင်ဂျီးရီးယား သတင်းအေဂျင်စီက နိဝင်ဘာ ၃ ရက်တွင် ဖော်ပြသည်။

ရီဗာပြည်နယ် တောင်ပိုင်း ဘိုရိုဒေသ ရဲစခန်းကို နိဝင်ဘာ ၁၂ ရက် နံနက် အစောပိုင်းက ဓားပြတစ်ဒါဇင်ခန့် ဝင်ရောက်စီးနင်းမှု ဖြစ်ပွားကြောင်း၊ ပစ္စည်းများကို မလုယက်မီ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များကို သေနတ်ဖြင့် ထောက်၍ ခြိမ်းခြောက်မှုပြုလုပ် ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာတွင် ဖော်ပြထားသည်။

ဓားပြများ ရဲစခန်းကို ဝင်ရောက်စီးနင်းမှုဖြစ်ပွားသည်ကို ရဲတပ်ဖွဲ့ ပြည်သူ့ဆက်ဆံရေးအရာရှိ အိုင်ရီဂျူ ဘာရာဆူယာက အတည်ပြုပြောကြားသည်။ အဆိုပါ ရဲစခန်းကို အထူး ရဲတပ်ဖွဲ့တစ်ဖွဲ့ ချထားပြီး အခင်း ဖြစ်ပွားမှုကို စတင်စုံစမ်းမှုများ ပြုလုပ် လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါဒေသတွင် ရာဇဝတ်မှုဆိုင်ရာ ဖြစ်ပွားမှုများနှင့် မျက်နှာစိမ်းများ လှုပ်ရှားမှုနှင့် ပတ်သက်သော သတင်းများကို ရဲဌာနသို့ သတင်းပေးရန်နှင့် ပြည်သူများကို သတိပိရိမထားဖြင့် နေထိုင်ကြရန် ၎င်းက တိုက်တွန်းနှိုးဆော်ထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ပြည်တွင်းရိက္ခာပူလုံမှုရှိစေရေး ဆန်တင်ပို့မှု ရပ်ဆိုင်းကြောင်း ဗီယက်နမ် ကြေညာ

ဟနွိုင်း နိဝင်ဘာ ၁၅

ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့နေသောလုပ်ငန်းများကို အာဏာပိုင်များက နိဝင်ဘာ ၁၂ ရက်တွင် ရပ်ဆိုင်းလိုက်ကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီက ထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်တွင်းရိက္ခာဖူလုံမှုရှိစေရေးအတွက် ရည်ရွယ်၍ ယခုကဲ့သို့ ပြည်ပတင်ပို့မှုကို ပိတ်ပင်ရခြင်းဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ ယင်းသို့ ဆန်တင်ပို့မှု ရပ်ဆိုင်းရာ၌ ဗီယက်နမ်ဆိပ်ကမ်းများတွင် နိဝင်ဘာ ၁၂ ရက်မတိုင်မီက သင်္ဘောတင်ပြီးဖြစ်နေသော ဆန်ပို့ကုန်များ၊ ကျူးဘားနှင့် အင်ဒိုနီးရှားနိုင်ငံနှင့် ချုပ်ဆိုထားသော ဆန်တင်ပို့ရေးစာချုပ်များနှင့် အကျုံးဝင်ခြင်းမရှိဟုဆိုသည်။

ဈေးနှုန်းများတက်လာ

ဗီယက်နမ်နိုင်ငံတွင် မကြာခဏဆိုသလို သဘာဝဘေးဒဏ်များ ကျရောက်ခြင်းနှင့် မကြာသေးမီလများအတွင်းက စပါးခင်းများ၌ ပိုးကျခြင်းများကြောင့် သီးနှံအထွက်ကျဆင်းပြီး ဈေးနှုန်းများတက်လာခဲ့သည်။ ထိုအခြေအနေများကြောင့် ပြည်တွင်းရိက္ခာဖူလုံစေရန်နှင့် ဈေးကွက်တွင် ရိက္ခာသီးနှံဈေးနှုန်းများ တည်ငြိမ်နေစေရန် ဆန်တင်ပို့မှုကို ရပ်ဆိုင်းထားရန် အမိန့်ထုတ်ပြန်ရခြင်းဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်ဒုတိယအများဆုံး တင်ပို့ရောင်းချသောနိုင်ငံဖြစ်သည်။ ၂၀၀၆ ခုနှစ် ပထမ ၁၀ လအတွင်းတွင် ဗီယက်နမ်သည် ဆန်တန်ချိန် ၄ ဒသမ ၄ သန်းနီးပါး တင်ပို့ခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ဝင်ငွေရခဲ့သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ခေတ်မီနှစ်ထပ် မီးသတ်စခန်း အဆောက်အအုံ မင်္ဂလာပန္နက်တင်

နေပြည်တော် နိုဝင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ပျဉ်းမနားမြို့နယ် မီးသတ်စခန်း ခေတ်မီနှစ်ထပ် မီးသတ်အဆောက်အအုံ တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မီးသတ်စခန်းပရဝုဏ်၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးကျော်ရွှေ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်တို့က သတ်မှတ်နေရာ အသီးသီးတွင် မင်္ဂလာပန္နက်များ ရိုက်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မီးသတ်စခန်းနေရာသစ်တွင် တည်ဆောက်လျက်ရှိသော ခေတ်မီနှစ်ထပ် မီးသတ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးရာ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဆောက်အအုံတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက တည်ဆောက်ရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ပုံစံအတိုင်း စံချိန်၊ စံနှုန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် တည်ဆောက်ရေးအတွက် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန္နက်တင်ပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ပျဉ်းမနားမြို့နယ် မီးသတ်စခန်း ခေတ်မီ နှစ်ထပ်မီးသတ် အဆောက်အအုံ၏ မင်္ဂလာပန္နက်တင်ပေးစဉ်။

(မီးသတ်ဦးစီး)

ပြည်ထောင်စုမော်ကွန်း

☆ ဒို့ပြည်ထောင်
ညီနောင် အားနဲ့
ကောင်းကျိုးများ ဝန်းရံ။
စိတ်ကိုယ်တူဆွေးနွေး
ညီညွတ်ရေးအားမာန်။
တိုင်းပြည်နဲ့လူမျိုး
အကျိုးပြုမယ့် မူအခြေခံ
ပြဋ္ဌာန်းရန် သစ္စာတရား။
စည်းကမ်းပြည့်ဝ
နည်းလမ်း တိကျ
မျှတလွတ်လပ် စွာနဲ့
အနာဂတ် ခရီးတာအတွက်
ပေါင်းစည်းကာ အတည်ပြု
ပြည်သူ့ကိုယ်စား။

☆ ပြည်ထောင်စု နုလုံးသား
အမျိုးသား ညီလာခံ
ပြည်ထောင်စု မဖြိုကွဲရေး
လေးနက် မိဋ္ဌာန်။
ရှေ့ခရီးလမ်း
လှမ်းကြမို့ စည်းကမ်းအခြေခံ
ဥပဒေ အမှန် ဖော်ညွှန်း။
တစ်စိတ်ဝမ်း တစ်သွေးညီ
ပြည်ရေးကို ဖြိုင်တူချီစို့ရဲ့
မျိုးဂုဏ်ရည်ဘယ်မည်သူးရအောင်
ရေးထိုး မော်ကွန်း။

(အမျိုးသားညီလာခံကိုဂုဏ်ပြုလျက်)

ခြိမ့်ခိုင်

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)နှင့် အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ (စလေ)တို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၆

ဒွန်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် နိုဝင်ဘာ ၁၃ရက်တွင် မကွေးတိုင်း ချောက်မြို့ရှိ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)သို့ သွားရောက်၍ စက်ရုံနှင့် ရေနံမြေတို့ရှိ ဝန်ထမ်းများအား ကျန်းမာရေးလာရောက် စစ်ဆေးကုသပေးလျက်ရှိသည့် ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်းခွင်ကျန်းမာရေး ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့် ခေါင်းဆောင်သောအဖွဲ့အား သွားရောက်တွေ့ဆုံနှုတ်ဆက်ရာ ရုံးဦးစွာ ဝန်ကြီးက စက်ရုံရှင်းလင်းဆောင်၌ ယခုကဲ့သို့ ဒွန်းအင်ဝန်ကြီးဌာနအောက်ရှိ စက်ရုံနှင့်ရေနံမြေတို့ရှိ ဝန်ထမ်းများအား သမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေး လာရောက်စစ်ဆေးကုသပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ကျန်းမာရေးကိုရေးရွေသောအားဖြင့် ယခုကဲ့သို့ ဝန်ကြီးဌာနချုပ် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖြင့်ပြောကြားသည်။

ရန်ကုန် နိုဝင်ဘာ ၁၆

ယင်းနောက် ဝန်ကြီးက အဖွဲ့ခေါင်းဆောင် ဒေါက်တာစိုးတင့်အား ဂုဏ်ပြုပစ္စည်းများကို လည်းကောင်း၊ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)နှင့် ဖယောင်းကုန်ကြမ်းပေး ကုန်ချောယူ အကျိုးတူဆောင်ရွက်နေသော ရွှေနဂါး ကုမ္ပဏီလီမိတက်မှ ဒေါ်ဝင်းမော်ထွန်းက ဝန်ထမ်းများဆေးကုသမှု ထောက်ပံ့ငွေကျပ် ၁၀သိန်းကို စက်ရုံမှူးထံ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံနှင့် ရေနံမြေတို့ရှိ ဝန်ထမ်းများ၏ ကျန်းမာရေး စစ်ဆေးကုသမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။ အဆိုပါ ကျန်းမာရေးအဖွဲ့အတွက် လုပ်ငန်းခွင် ဆေးပညာအဖွဲ့ကို အဖွဲ့ခေါင်းဆောင် ဒေါက်တာစိုးတင့်က လည်းကောင်း၊ တီဘီအထူးကုအဖွဲ့ကို သမားတော်ကြီး ဒေါက်တာမြင့်စန်းက လည်းကောင်း၊ ရင်ခေါင်းအထူးကုအဖွဲ့ကို သမားတော်ကြီး ဒေါက်တာရဲထွန်းကလည်းကောင်း၊ အဆိပ်အထူးကုအဖွဲ့ကို သမားတော်ကြီး ဒေါက်တာသီဝတင်က လည်းကောင်း ကျန်းမာရေး စစ်ဆေးကုသမှုများကို ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်) ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး စက်ရုံအလိုက် လျာထားချက်များအတိုင်း ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် မီးဘေးအန္တရာယ် ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)သို့ ရောက်ရှိရာ စုဝေးခန်းမ၌ စက်ရုံမှူး ဦးတင်မောင်ဆွေက စက်ရုံ၏ လက်ရှိ ဓာတ်မြေဩာ ထုတ်လုပ်နေမှုအခြေအနေကိုတင်ပြ၍ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဓာတ်မြေဩဇာစက်ရုံ (၃)ရုံ၏ လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံးက အထူးကြိုးစား ဆောင်ရွက်သွားရေး မှာကြားကာ ဓာတ်မြေဩဇာ အထွက်တိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်းရှိ အမိုးနီးယားစက်ရုံ၊ ယူရီးယားစက်ရုံ၊ ဓာတ်မြေဩဇာထည့်အိတ်စက်ရုံနှင့် စက်ရုံထိန်းချုပ်မှုအခန်းတို့ကို သွားရောက်၍ စက်ရုံလည်ပတ်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ပြည့်မီစွာ ရရှိရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ချောက်မြို့ ရွှေပုတောင်ဘုရားအနီး ချောက်ရေနံမြေအတွင်း၌ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး ဆက်လက် တိုးချဲ့စိုက်ပျိုးသွားရန်နှင့် ရေရှည် ထိန်းသိမ်းသွားရန် မှာကြားသည်။

အောင်မြင်ဖြစ်ထွန်း

ချောက်ရေနံမြေအတွင်း၌ ခြံစည်းရိုးကြက်ဆူပင် ၁၀၆ ဒသမ ၅ ဧကခွဲ အပင်ပေါင်း ၁၂၇၈၀၀ကို ၂၀၀၆ ခုနှစ် ဇွန် ၁၉ရက်တွင် စိုက်ပျိုးခဲ့ပြီး ယခုအခါ ၉၆ရာခိုင်နှုန်းခန့် အောင်မြင်ဖြစ်ထွန်း နေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၄ရက်က ဧရမ်းမြို့ အထက(၁)စီနီယာစခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်ဝိပဿနာသင်တန်းပွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

ပခုက္ကူအသင်း(ရန်ကုန်) ဒသမ အကြိမ်မြောက် မိုးကုတ်ဝိပဿနာသင်တန်းကို နိုဝင်ဘာ ၂၅ရက် (စနေနေ့)မှ ၂၉ရက် (ဗုဒ္ဓဟူးနေ့)အထိ နေ့စဉ် မွန်းတည့် ၁နာရီမှ ညနေ ၄နာရီအထိ ရွှေတိဂုံမြောက်ဘက်မုခ် ပခုက္ကူမွေ့ရာတွင်ဖွင့်လှစ်၍ ဓမ္မကထိက ဆရာကြီးဦးစိန်ဝက သင်တန်းပို့ချမည် ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်ဟု သိရသည်။

(၂၃)

တိုင်းမှူး ပိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် ကျောက်ချက်ပညာပေးစခန်း တီကောင်မွေးမြူကန်များ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် နိုဝင်ဘာ ၁၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ကျောက်ချက်ပညာပေးစခန်း၌ သဘာဝဓေဒြေစာရှိရေးအတွက် တီကောင်မွေးမြူရေးကန်များကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဒေါ်အေးအေးမြင့်က တီကောင်မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်မန်နေဂျာ ဦးမှတ်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တီကောင်မွေးမြူခြင်းမှ ရရှိလာသည့် တီကျစ်စာ မြေဆွေးများကို ဟင်းသီးဟင်းရွက်မျိုးစေ့များ ပျိုးထောင်ရာတွင်လည်းကောင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် လည်းကောင်း ထည့်သွင်းအသုံးပြုနိုင်ကြောင်း၊ တီကျစ်စာမြေဆွေးတွင် နိုက်ထရိုဂျင် ဖော(စ)ဖောရစ်နှင့် ပိုတက်ဆီယမ်တို့ ပါဝင်သဖြင့် အခြားသဘာဝမြေဆွေးများထက် အာဟာရဓာတ် ပိုမိုပါဝင်ကြောင်းသိရသည်။

ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ် ကျောက်ချက် စိုက်ပျိုးပညာပေးစခန်းတွင် တီကောင်မွေးမြူရေးကန် (အလျား ၁၅ ပေ၊ အနံ ၅ပေ၊ အမြင့် ၂ဒသမ၅ ပေ) ရှိ ကန်ရှစ်ကန် တည်ဆောက်၍ ပထမဦးစွာ တီကောင်ကန်နှစ်ကန်တွင် တီကောင် အမျိုးအစားလေးမျိုးတို့ကို တစ်ကန်လျှင် အကောင် ၁၀၀၀ နှုန်းဖြင့် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၃ရက်မှ စတင်မွေးမြူခဲ့ကြောင်း၊ သုံးလ အကြာတွင် လစဉ်မြေဆွေး တစ်တန်ခန့်နှင့် ဓွန့်ပစ်ရည် ၁၂ဂါလန်ခန့် ရရှိပြီး တီကောင် အရေအတွက်မှာ လည်း ၁၀ ဆခန့် များပြားလာကြောင်းနှင့် တီကောင်များ ပွားများအောင် ဆက်လက် မွေးမြူသွားမည်ဖြစ်၍ တောင်သူများသို့ ဖြန့်ဝေပေးရန်စီစဉ်ထားကြောင်းသိရသည်။

ယင်းနောက် တိုင်းမှူးက တီကောင်မွေးမြူရေးနည်းစနစ်ကို တောင်သူများသိရှိပြီး တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်ဌေးမြင့်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ သက်လျင်စပါး နှစ်မျိုး၊ အရည်အသွေးကောင်း စပါးလေးမျိုးစိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ရန်ကုန်-မန္တလေး သစ်တပ်ကျေးရွာမှ ဆင်းသွယ်လတ် စပါးခင်းများနှင့် တောင်သူ ဦးသိန်းကျော်၏ မိုးစပါး စိုက်ခင်း၌ ကြက်ဆူကြိတ် ဖတ်ထည့်သွင်းစမ်းသပ်ကွက်တို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဆွေးနွေးထောက်ပံ့ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မအူတောကျေးရွာအုပ်စုရှိ တောင်သူ ဦးရွှင်၏ ဆင်းသွယ်လတ်စပါး ၄ ဒသမ ၅၈ ဧက မိုးစပါးရိတ်သိမ်းပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူများက မိုးစပါးစံကွက်ရိတ်သိမ်းမှု အခြေအနေများကို ရှင်းလင်းပြကြသည်။

အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းရာ အခြောက် တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

ထို့နောက် တောင်သူ ဦးရွှင်က မိုးစပါးစံကွက် အထွက်တိုးနိုင်ရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက သီးနှံများပန်းတိုင် အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုဆွေးနွေး

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် မအူတောကျေးရွာအုပ်စုရှိ တောင်သူဦးရွှင်၏ ဆင်းသွယ်လတ် မိုးစပါးရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် သိမ်မြေနှုတ် (သိမ်မြေသန့်) မင်္ဂလာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း ဥပရိပါသာဒသိမ်သမုတ်ရန်အတွက် သိမ်မြေနှုတ်ခြင်းမင်္ဂလာကို ကျောင်းတိုက်၏ ဦးစီး ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ရဋ္ဌသာရ (အဂ္ဂမဟာပဏ္ဍိတ)နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)ဦးစီးလျက် သံဃာတော်အပေါင်း ၂၀ တို့က နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီမှစ၍ သုံးရက်တိုင်တိုင် ကျင်းပလျက်ရှိရာ ဒါယကာ၊ ဒါယိကာမများ လာရောက်ကြည်ညိုမှိန်ကြောင်းသိရသည်။

သိမ်အလှူရှင်မှာ ဦးလှဝင်း-ဒေါ်အေးမြင့်မိသားစု (သပြားဆိုက်စုံနှင့် အထွေထွေ စက်မှုလက်မှုလုပ်ငန်း) တာဝတိ်သာလမ်း ပုဇွန်တောင်မြို့နယ်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အထက (ခနောင်တို့) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တို့မြို့နယ် အထက (ခနောင်တို့) တွင် ပညာ သင်ကြားပေးခဲ့ကြသည့် အသက်(၆၀) ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက နိုဝင်ဘာ ၂၆ ရက် (တနင်္ဂနွေ) နံနက် ၁၁ နာရီတွင် တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

စိုက်ထုတ်လွှဲဒါန်းနိုင်

ဖိတ်ကြားစာမရရှိသော ဆရာကြီး၊ ဆရာမကြီးများလည်း တက်ရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေများကို ဆရာ ဦးရဲမြင့် ဖုန်း-၂၆၈၀၈၄၊ ၂၆၈၀၀၂၊ ဒေါ်သီတာမြင့် ဖုန်း-၂၂၉၇၈၄၊ ဦးယဉ်ထွေး ဖုန်း-၂၆၈၂၉၆၊ ဦးကျော်စွာ ဖုန်း-၀၉၈၆၈၆၁၊ ဒေါ်သင်းသင်းရီ ဖုန်း-၂၆၈၁၁၇၊ ဦးအုန်းသန်း ဖုန်း-၀၉-၅၁၆၈၀၆၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ပဒေသာပင်များလည်း စိုက်ထူလှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

The Live News ဂျာနယ် အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၆

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ အိမ်ဖတ်ဒေါ်မှ ဝါဒီဦးထုပ်လုပ်ငန်း၊ သိပေါဘုရင် တံဆိပ်တော်၊ နိုင်ငံခြားဘာသာ ဒီပလိုမာဝင်ခွင့်စာမေးပွဲ ဘွဲ့ရလူငယ် တစ်ထောင်ကျော် ဖြေဆို၊ သေက် မရောက်သက်မပျောက်တဲ့ ရှေ့နေလေးရာ်းဆွဲရွှန်၊ "တကယ်သဘော ကျတယ်" ကိုရီးယားဓာတ်လမ်းတွဲ၊ ပြင်သစ်တပ်ဖွဲ့နှင့် အစ္စရေးလေယာဉ်များ လက်ဘနွန်၌ ထိပ်တိုက်တွေ့၊ ဒီမိုကရက်တိုက့် အချိုသပ်နေသည့် ဘုရှ်၊ အီရတ် မဟာဗျူဟာပြောင်းရေး ခေါင်းချင်းရိုက် ဆွေးနွေး၊ ငါးသောင်း တန်နှင့် တစ်သိန်းခွဲတန်လူတစ်ယောက် ခွေးတစ်ကောင်နှင့် သမ္မတဘုရှ်၏ နောက်ဆုံးနေ့များ၊ ရှင်တိုရှိုဂန်နှင့် ဆာမူရိုင်း၊ ချူကလီးယားကူးစက်ရောဂါ စသည့် ပြည်တွင်း၊ ပြည်ပသတင်းများ၊ ဆောင်းပါးများနှင့် အနုပညာကဏ္ဍ တို့ကို သာဂဒိုး၊ ကိုကိုလွိုင်၊ ဒေါက်တာမတင်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ဦးနေအောင်နှင့် စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသား တင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ၊ အဖြို့ဖြို့အနယ်နယ်မှ စာမူပေးပို့လိုသူများသည် အမှတ် (၃၀၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း (၀၀၄)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၅၂၊ ၂၂၉၈၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းပိုင် အဆောက်အအုံသစ်ကို အသင်း၏ ဦးဆောင် နာယက ဒေါ်ခင်ဇွဲဝင်းနှင့် အသင်းဥက္ကဋ္ဌ ဦးသန်းလွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) အသင်းပိုင်အဆောက်အအုံသစ် ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၆

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းပိုင်အဆောက်အအုံသစ် ဖွင့်ပွဲကို အသင်းတည်ရှိရာ တိုက်အမှတ် (၁၄/A-B)၊ အခန်းအမှတ် (၀၀၁)၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ်တွင် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီ၌ ကျင်းပရာ အသင်း၏ ဦးဆောင် နာယက ဒေါ်ခင်ဇွဲဝင်းနှင့် အသင်းဥက္ကဋ္ဌ ဦးသန်းလွင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ကြွရောက်လာကြသော ဧည့်ဝရိသတ်များကို ခရမ်း (မုန့်ဟင်းခါး)၊ ဘိန်းမုန့်၊ ထန်းသီးမုန့်၊ မုန့်ပိုက်ဆံ) တို့ဖြင့် ကျွေးမွေးဧည့်ခံပြီး အသင်းဝင်လိုသူများအား အသင်းဝင် လျှောက်လွှာပုံစံနှင့် အသင်းဝင်အဖြစ် လက်ခံခဲ့သည်။ အသင်းဝင်အဖြစ် ထပ်မံဝင်ရောက်လိုပါက ဖုန်း-၅၄၉၃၃၃၉ (ရန်ကုန်)နှင့် ၃၉၀၃၄၅၊ ၃၉၀၁၄၅၅ (ခရမ်း) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၁-၂၀၀၆ (သောကြာနေ့)

၆:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၉:၅၅	အသုံးပြုစရာကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့
၆:၀၅	Myanmar Video Rhythm	၁၀:၂၀	တေးဂီတအစီအစဉ်
၇:၅၅	တေးဂီတအစီအစဉ်	၁၀:၂၅	ခဲမဟုတ်တဲ့ခဲတံ
၈:၀၀	အရုဏ်ဦးအလှများ	၁၀:၄၀	တေးဂီတအစီအစဉ်
၈:၂၀	တေးဂီတအစီအစဉ်	၁၀:၅၅	ပြည်တွင်းသတင်းအကျဉ်း
၈:၂၅	Yangon Panorama (Good Health ဂျာနယ်)	၁၀:၅၅	ငွေကြေးယိမ်းခွင်တို့၏ဖြစ်တည်မှု (R ဇာနည်နှင့် သူ၏အနုပညာခရီးလမ်း)
၈:၄၅	တေးဂီတအစီအစဉ်	၁၁:၂၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	ပြည်တွင်းသတင်းအကျဉ်း	၁၁:၃၀	စိုက်ပျိုးရွှေ့ပြောင်းကူစေမှာ ကောက်ရိုးမီးပါ
၉:၀၀	သွန်းလောင်းသံလည်ပြာ	၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်	၁၁:၄၅	တေးဂီတအစီအစဉ်
၉:၂၀	ရွှေလိတ်တား	၁၁:၅၀	မြန်မာ့တိုင်းရင်းဆေးအတွက် ခေတ်မီစေမည့်နည်းကောင်း တစ်လက်
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း	၁၂:၀၀	MRTV-4 အပိတ် Logo
၉:၃၅	သင်ယူစရာပန်းချီပညာ (အခြေခံပို့ချချက်)		
၉:၄၀	တေးဂီတအစီအစဉ်		

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

*** ရေဖုံးမှ**

စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် ဧရာဝတီတိုင်းကို အဓိကအားထားလျက်ရှိရာ ညောင်တုန်းရေကြီးကွင်း ရေနက်ကွင်းဒေသသည် ဧရာဝတီတိုင်းအတွက် အဓိကအားထားရသောဒေသဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း မိုးစပါးဧက ၃၇သိန်း၊ နွေစပါးဧက ၁၆သိန်း၊ ရေချိုငါးကန် ဧက ၁၁၀၀၀ ပြည့်မီစေရန် မိမိတို့ရှိထားသော မြေဧရိယာတွင် စွမ်းအားပြည့် တစ်တပ်တစ်အား ပါဝင်ကြီးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါဝါဝင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ဧရာချိုပုစွန်သားဖောက် မွေးမြူထုတ်လုပ်မှုနှင့် ငါးဖြစ်ချင်းနှင့် ငါးခေါင်းပွ ငါးများ မွေးမြူထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအနီး၌ မန်းချိုနှင့် သားများ(ကိုသန့်ဇင်)၏ လောင်စာဆီအစားထိုး ဓာတ်ငွေ့မီးဖိုလုပ်ငန်းသို့ ရောက်ရှိကြရာ စက်ရုံမှူး ဦးသန့်ဇင်က စက်ရုံမှထုတ်လုပ်သော စပါးခွံဓာတ်ငွေ့မီးဖိုဖွင့်ပွဲ၊ ကျေးရွာတစ်ရွာခန့်အား မီးပေးနိုင်မှုနှင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့အတွက် စက် ၃၆လုံး တည်ဆောက်ထုတ်လုပ်ပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသနှင့်ကိုက်ညီ၍ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရန် ကြိုးပမ်းထုတ်လုပ်ရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးမှုကြားပြီး စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်ဖြို့နယ် မီးသွေးချောင်းကျေးရွာရှိ တောင်သူဦးမာလာ၏ ကွင်းအမှတ် ၉(၆၇)သို့ရောက်ရှိကြရာ မအူပင်ရိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးမြင့်ဆွေက ရေကြီးကွင်း၊ ရေနက်ကွင်းများအတွင်း စိုက်ပျိုးနိုင်သည့် ဆစ်ပွားဖြူ၊ ရေနက်–၅၊ ရတနာဝင်းနှင့် သုခဆွန်းစပါးမျိုးများ၏ ထွက်ရှိမှုအခြေအနေနှင့် သက်တမ်းကြာမြင့်ချိန်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရတနာဝင်းစပါးမျိုးသည် ရေကြီးကွင်း၊ ရေနက်ကွင်း၌ စိုက်ပျိုးသည့် စပါးမျိုးများအနက် အထွက်နှုန်းကောင်းပြီး ရိတ်သိမ်းချိန်တစ်လစောသဖြင့် ယခုနှိုဝ်ဘာလကုန်တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကာ ဒီဇင်ဘာလတွင် နွေစပါးကို နှစ်သီးအဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်သောကြောင့် ရေနက်ကွင်းဒေသနှင့် သင့်တော်သဖြင့် တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားပြီး စိုက်ကွင်းအတွင်း စပါးသီးနှံငါးများ ပေါ်ထွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်ဖြို့နယ် လေသာကျေးရွာအနီးရှိ ညောင်ပုစိုက်ပျိုးရေးပညာပေးစခန်းသို့ ရောက်ရှိပြီး ဧရာအောင်၊ မော်ဘီ(၃)နှင့် ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်းများနှင့် ရင့်မှည့်ပြီးသော စပါးများ ရိတ်သိမ်းခြေလှေ့နေမှု၊ နွေစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုနှင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် အလန်ကျေးရွာနှင့် လေသာကျေးရွာမှ ကောက်စိုက်သမများအား ဝတ်စုံစရိတ်ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးပညာပေးစခန်း၌ ပြသထားသည့် မျိုးစေ့နမူနာများကို ကြည့်ရှုကြသည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များသည် အဏ္ဏဝါလွမ်းကုမ္ပဏီလီမိတက်၏ ရေချိုရေလနှံ ငါး၊ ပုစွန် မွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြရာ မန်ကေဂျင်း ဒါရိုက်တာ ဦးခင်စိုးက ရေချိုငါးမြစ်ချင်းမွေးမြူထားကာ ယခင်နှစ်က တန်ချိုခွဲ ၁၅၀ထုတ်လုပ်ခဲ့ပြီး ယခုနှစ်တွင် တန်ချိုခွဲ ၃၀၀ ထုတ်လုပ်ရန် ဆောင်ရွက်နေမှုနှင့် ပြည်တွင်းပြည်ပဈေးကွက်များ၌ ဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ထုတ်လုပ်မှု အရည်အသွေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားခေတ်မီတိုးတက်သော နည်းပညာများ အသုံးပြု၍ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး ငါးဖြစ်ချင်းများ မွေးမြူထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်–ကျိုက်လတ် ကားလမ်းဘေးဝဲယာ မိုးစပါးများ ဖြစ်ထွန်းအောင်မြင်မှုအခြေအနေနှင့် မအူပင်–ကျိုက်လတ်ကားလမ်း လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြပြီး မိုင်တိုင် ၈ မိုင် ၁ ဖာလုံသို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးစိုးမြင့်က လမ်းပိုင်းအတွင်း ကတ္တရာခင်းရန် ကျန်ရှိနေသော ၁ မိုင် ၅ ဖာလုံအား ယခုနှစ်အတွင်းအပြီးသတ် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မအူပင်–ကျိုက်လတ် ကားလမ်း၌ အရှည် ၁၂ မိုင်၊ အကျယ် ၂၂ မေတ္တ ကျောက်ချောင်းလမ်းကို ရာနှုန်းပြည့်ခင်းပြီးကာ ကတ္တရာခင်းရန် ၁ မိုင် ၅ ဖာလုံသာ ကျန်ရှိတော့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းစန်းတင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသ၌ အဖြစ်များသော ရောဂါများ အခြေအနေကို မေးမြန်း၍ ကျေးလက်ဒေသအရောက် ကွင်းဆင်းကုသ၍ ကျန်းမာရေးစောင့်ရောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားရေး မှာကြားပြီး တိုင်းမှူးနှင့်အတူ ဆေးရုံဝင်းအတွင်း၌ စိုက်ပျိုးပြီးသော ခြစဉ်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေး၍ ခြစဉ်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ မြေဩဇာများ ထည့်သွင်းပေးကြသည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်–ဖျာပုံ လမ်းတစ်လျှောက် လမ်းဘေးဝဲယာ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လမ်းတံတားများအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာကြပြီး ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၇)မှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတား တည်ဆောက်ရေးစီမံကိန်း ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော မြေသားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စီမံကိန်းကာလ ပြီးစီး၍ တံတားကြီးဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ ကျန်ရှိသော လုပ်ငန်းများကိုလည်း သတ်မှတ်ကာလအမီ စဲချိန်ရန်နှင့်အညီ အပြီးသတ် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် စက်ယန္တရားများဖြင့် ဒေးဒရဲဘက်ကမ်း ချဉ်းကပ်လမ်း မြေသားဖြည့်နေမှုများ ဆောင်ရွက်နေမှု အခြေအနေကို တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် အောက်ကွင်းကြီးကျေးရွာရှိ စပါးမျိုးသန့်စြဲသို့ ရောက်ရှိကြပြီး မော်ဘီ(၅)နှင့် ရွှေမြန်မာ မျိုးသန့်အဆင့်(၁) မျိုးစပါးများ ရှင်သန်ဖြစ်ထွန်းနေမှု၊ ရိတ်သိမ်းခြေလှေ့နေမှုနှင့် နွေစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆင်းသွယ်လတ်၊ မော်ဘီ(၅)၊ ရွှေမြန်မာ၊ ရွှေပြည်တန်၊ ဧရာအောင်၊ ရေဆင်းလုံးသွယ်၊ ချိုင်းနက်(၆၀)၊ ရွှေနှံသာ(၉)၊ ရတနာအောင်နှင့် ပေါ်ဆန်းရင် (အေးကြားလေး) မျိုးစေ့နမူနာများ၊ ဆန်နမူနာနှင့် ထမင်းနမူနာများကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဒေသခံတောင်သူများအား တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေများ တိုးတက်လာမည်ဖြစ်၍ အထွက်ကောင်း မျိုးများနှင့် စိုက်စနစ်မှန်ကန်ရေးတို့ကို လေ့လာသင်ယူ စိုက်ပျိုးသွားကြရေး မှာကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှောက်ဆက်သည်။

ထို့ဖတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ နယ်မြေခံတပ်ရင်းသို့ရောက်ရှိကြပြီး တပ်ရင်းမိသားစုများ၏ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖျာပုံရပ်ဆိုင်းအနေဖြင့် ဧရာဝတီတိုင်းတစ်ခုလုံး မိုးစပါးစိုက်ဧက ၃၇ သိန်းနှင့် နွေစပါးဧက ၁၆ သိန်း ပြည့်မီရန် ဖျာပုံခရိုင်အတွင်း တိုးချဲ့စိုက်ပျိုးသွားရေး၊ မကြာမီ ပေ ၁၈၀ အထက် ဧရာဝတီတိုင်း၏ ၄၃ စင်းမြောက် ဖျာပုံတံတားသစ်ကြီး ဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်၏ ဒေသအပေါ်ထားရှိသော စေတနာကို တုံ့ပြန်သောအားဖြင့် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍအရပ်ရပ်တို့တွင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်သွားကြရေး မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နွေးထွေးစွာဖြင့် ကြိုဆိုခဲ့ကြသည်။ (သတင်းစဉ်)

သာကေတဖြို့နယ် စိန်မာရံအောင်စေတီတော် ဝိမုတ္တရသမ္မဒေမာန်တွင် နိဝင်ဘာ ၉ ရက် ညက မမူဝစာသဘင်ပွဲ ကျင်းပရာ သဲကုန်းသပိတ်ဆိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသဿရ အဂ္ဂမဟာပဏ္ဍိတအား မမွဒါနအလှူရှင် ဦးလှထွန်း–ဒေါ်ခင်ရီမိသားစု (ဝင်းထွန်း၊ မော်တော်ယာဉ်ကုမ္ပဏီ)က အလှူငွေကျပ် ၁၀သိန်းငါးသောင်း လှူဒါန်းစဉ်။ (၅၃)

အိန္ဒိယနိုင်ငံ မချိမဒေသ ဗုဒ္ဓဂယာမြေမြှောက်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၄)ရပ်ကွက် ဘုရင့်နောင်လမ်းနေ နှစ်ဖက်မိဘများအား အမှုထားရှိ ဦးအောင်ဌေး–ဒေါ်စစ်မြင့်ဦး၊ သား မောင်ကျော်စွာအောင်–မဒေးစန္ဒာ၊ မြေး မောင်လင်းထက်သူရ မိသားစုက အလှူတော်ငွေကျပ် ၂၁၀၀၀ ကို ရန်ကုန်တိုင်း စစ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိမိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ဆောင်ပုဒ်များ

- ✧ သမားတော်များ ညီနှိုင်းလို့ ဆေးစွမ်းကောင်းတွေ ဖော်ထုတ်စို့။
- ✧ ပြည်သူတို့ရဲ့ ကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး။
- ✧ တိုင်းရင်းသမားတော်များညီလာခံ ညီညွတ်မှုကို အခြေခံ၊ တစ်မျိုးသားလုံးကျန်းမာရေး ပိုင်းဝန်း အားထုတ် ဆောင်ရွက်ပေး။

၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ (၂၅–၂၆)ရက်နေ့ ရန်ကုန်မြို့

စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

နေပြည်တော် နိဝင်ဘာ ၁၆

နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထု ယုံကြည်အားကိုးသည့် သန့်ရှင်းသော အုပ်ချုပ်ရေးယန္တရားတစ်ရပ် ဖြစ်ပေါ်လာစေရန် အဘက်ဘက်မှ စီစဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနသို့ ဝန်ကြီးရုံးအဖွဲ့၊ စွမ်းအင်စီမံဗဟိုဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့ကို ဖွဲ့စည်းလျက် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စွမ်းအင်ဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုကျင့်မှုများ ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း နစ်နာခံစားရသူ ပြည်သူလူထုကိုယ်တိုင်က စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း–၀၆၇–၄၁၁၀၄၉၊ ဒုတိယဝန်ကြီး ဖုန်း–၀၆၇–၄၁၁၀၅၉၊ ရုံးအဖွဲ့မှူး ဖုန်း–၀၆၇–၄၁၁၀၆၀၊ ဖက်(စ်)၀၆၇–၄၁၁၀၁၂၊ စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) နေပြည်တော်၊ e-mail; myanenergy @ mptmail.net. mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက ဥပဒေနှင့်အညီ မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုကလည်း နည်းလမ်းတကျ ပူးပေါင်းပါဝင်ကြရန် စွမ်းအင်ဝန်ကြီးဌာနက တိုက်တွန်းထားသည်။ (သတင်းစဉ်)

တိုင်းမှူး ပိုလ်မှူးချုပ်လှဌေးဝင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူနီဒို၊ ကျွမ်းဘားပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ဆုများချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၆

၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူနီဒို၊ ကျွမ်းဘားပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သဃ်နိုးကျွန်းမြို့နယ်ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်တား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ တံခွန်စိုက် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရေးဦးစွာ တပ်မတော် ဂျူနီ၊ ကျွမ်းဘား ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စောရွှေက ဂျူနီပြိုင်ပွဲ၌ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများကိုလည်းကောင်း၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၏ ဂျူနီပြိုင်ပွဲ၌ အတန်းလိုက် အကောင်းဆုံးဆု ရရှိကြသူများကိုလည်းကောင်း၊ သန်လျင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ကျွမ်းဘားပြိုင်ပွဲ၌ အဆင့်လိုက် တံခွန်စိုက် ဒိုင်းဆုများရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကျွမ်းဘားအသင်းကိုလည်း ကောင်း၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇင်ယော်က ဂျူနီပြိုင်ပွဲ၌ အတန်းလိုက် တံခွန်စိုက်ဒိုင်းဆုများ ရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂျူနီအသင်းကိုလည်း ကောင်း တစ်ဦးချင်းဆုများနှင့် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ၂၀၀၆ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူနီ၊ ကျွမ်းဘား ပြိုင်ပွဲ၌ ရမှတ်အများဆုံးဖြင့် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်း အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂျူနီတံခွန်စိုက်ဒိုင်းဆု၊ ကျွမ်းဘား တံခွန်စိုက် ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကာ အခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူနီတံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

*** ကျေးဇူးမှ**

ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်ကလည်းကောင်း ဆောင် ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၂၅ဦး ရှိသည့်အနက် ရာနှုန်းပြည့် တက် ရောက်ကြသဖြင့် အစည်းအဝေး အထ မြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

လည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ က နိဂုံးချုပ်အမှာစကား ပြောကြား ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စား လှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စု ခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာ ပတိအဖြစ် ရုပ်ပြည်နယ် (မြောက် ရုပ်ပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါး ဧတော်ဒေါင်က အဖွင့်အမှာစကား ပြော ကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင် မည့် ရွေးကောက်တင်မြောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက် များ အခန်းတို့အတွက် ချမှတ်သင့် သည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အစုအဖွဲ့၏ အကြံပြု ချက် စာတမ်းကို ရုပ်ပြည်နယ် ဒု၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်း(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ အဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်း ထွန်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိသိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်း အဖွဲ့ (၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဧော ဝင်းက လည်းကောင်း၊ တွဲဖက်အခမ် အနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင် မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင် ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်း အမှတ် တံဆိပ်၊ သီချင်းနှင့် ဖြို့တော် အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်း ချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်း ချက်များ အခန်းတို့အတွက် ချမှတ် သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှ ကော်မတီချက်များကို အလှည့်ကျ သဘာပတိ မန္တလေးတိုင်းမှ ဦးကျော် ဝင်းထွန်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် အလှည့်ကျသဘာပတိ က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်း(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိ မြို့(ခေါ်)ဓမ် အမျိုးသားညီညွတ်ရေး အဖွဲ့မှ ဦးစံသာအောင်က အဖွင့်အမှာ စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင် မည့် ရွေးကောက်တင်မြောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက် များ အခန်းတို့အတွက် ချမှတ်သင့် သည့် အသေးစိတ်အခြေခံရမည့်မူ များ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အကြံပြု ချက် စာတမ်းများကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ဝါးခယ်မ မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးသက်ဝေ ကလည်းကောင်း၊ အင်ပူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းထွန်း ကလည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံ ကိုယ်စားလှယ်များ ဖြစ်ကြ သည့် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထွန်က လည်းကောင်း၊ ရွာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းက လည်းကောင်း၊ နမ့်ဆန် မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်က ဦးနိုင်းဆမ်တစ်ကလည်းကောင်း၊ မွန် ပြည်နယ်မှ ဒေါ်ရိုရိုမြင့်က လည်း ကောင်း၊ ကရင်ပြည်နယ်မှ ဦးစောဝင်း ထိန်က လည်းကောင်း၊ တနင်္သာရီ တိုင်းမှ ဒေါက်တာအောင်သာက လည်းကောင်း အသီးသီး ဖတ်ကြား တင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားပြေးဆွဲမည်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်နှင့် မော်လမြိုင် ကူးသန်း သွားလာကြသည့် ရထားစီး၊ ခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေ ချောမွေ့ စေရေးအတွက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတွင် အထူးအမြန်ရထားများကို နိုဝင်ဘာ ၁၉ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၅) အဆန် ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၇ နာရီ ၁၅မိနစ်တွင် ထွက်ခွာ၍ မော်လမြိုင် ဘူတာသို့ ညနေ ၅ နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၃၆)အစုန်

အမှတ်(၃၆)အစုန် မော်လမြိုင်-ရန်ကုန် အထူးအမြန် အစုန်ရထား သည် မော်လမြိုင်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန် ဘူတာသို့ ညနေ ၄ နာရီ ၃၅ မိနစ် တွင် ရောက်ရှိမည် ဖြစ်သည်။ ထို ရထားခရီးစဉ်များတွင် ကျိုက်ထို ဘူတာ၌သာ ရပ်ဝန်းမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာထား သည်။

(သတင်းစဉ်)

၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက်က ကမာရွတ်ရှိ တက္ကသိုလ်များမွေးရပ်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကန်တော့ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (က–ပ)

သင်္ဃာမအကြေမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

ရန်ကုန်မြို့

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅–၂၆) ရက်နေ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇–၁၁–၂၀၀၆(သောကြာနေ့)

နံနက်ပိုင်း

၆:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိဗ္ဗိုင်တော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓမ္မာဂရုဂုရု၊ အဘိဓမ္မ အဋ္ဌ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိဓိဇ္ဇသာရဒတိပိဝသ၏ ပရိတ်တရားတော်**

၆:၂၅ ၂။ ကျန်းမာဖွဲ့ အတ္ထကစားစို့

၆:၃၀ ၃။ နံနက်ခင်းသတင်း

၆:၄၀ ၄။ သံသာချေးမင်္ဂလာတေး

၆:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း

၈:၀၅ ၆။ အကပြိုင်ပွဲ

၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်

၈:၃၀ ၈။ International News.

၈:၄၅ ၉။ English for Everyday Use.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice In Reading

၄:၅၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားမိုးရာဇားသံသာ

၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား

၅:၂၅ ၇။ **"သတိတရချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လှပဦး၊ နန်းကလျာလွင်) (ဒါရိုက်တာ–စောနွဲ့လွင်)**

၅:၃၅ ၈။ နေ့ခင်းဧေတ်ဇေးပဒေသာ

၅:၅၀ ၉။ စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ (မန္တလေးတိုင်း)

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ သုတစုလင် ရွှေဥဇင်ရှင်

၇:၀၅ ၁၃။ **နိဗ္ဗိုင်ခြားစာတိလမ်းတွဲ "အရှစ်နှာ်သီး" (အပိုင်း–၁၉)**

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိဗ္ဗိုင်တကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိဗ္ဗိုင်ခြားစာတိလမ်းတွဲ "ရေသူမလေး ပထမချစ်ပြင်း" (အပိုင်း–၁၈)**

၁၈။ နေ့ကတ်ဇေန့ အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

ဝန်ကြီး ပိုလ်ချုပ်ခင်မောင်မြင့် ဘုရင့်နောင်မတ်အားခွဲရုံစီမံကိန်း၊ ဟုန်ဟိုင်းမတ်အားခွဲရုံနှင့် အလုံမတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိဝင်ဘာ ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိဝင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်အတွင်းရှိ (၂၃၀)ကေဗွီ ဘုရင့်နောင်မတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ မတ်အားထိန်းချုပ်ခန်းမ၌ မတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်က တည်ဆောက်လျက်ရှိသော ဘုရင့်နောင်မတ်အားခွဲရုံ၌ (၂၃၀)ကေဗွီမတ်အားလိုင်းနှင့် (၆၆)ကေဗွီမတ်အားလိုင်း တည်ဆောက်မှုအပိုင်းတွင် ရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးစီးလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်း စစ်ကျောင်းဖြို့နယ် မြေနီကုန်းကျောင်းလမ်း၌ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဖာခံ၊ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိသိမ်တော် မြတ်စေတီတော် တည်ထားကိုးကွယ်ဆောက်လုပ်ရန်အတွက် ဒေါက်တာအောင်နိုင်-ဒေါက်တာဖြူဖြူဝင်း (မင်္ဂလာ)မိသားစုက ရန်ကုန်ဖြို့ ပြည်သာယာရပ်သာ ဘောက်ထော်ဆေးရုံလမ်းရှေ့ မိသားစုက အလှူတော်ငွေကျပ် ၉၀သိန်းခွဲတန်ဖိုးရှိသော Glass Black ၁၂၆ ခုကို နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုနှရ(လှမြိန်)နှင့် အမှုဆောင်ဆရာတော် အရှင်ဝိဝံသဂရဏ် ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကရင်ပြည်နယ် ဘားအံဖြို့ အမှတ် (၅)ရပ်ကွက်ရှိ ပြည်နယ်ထေရဝါဒ ဗုဒ္ဓသာသနာပွဲ ဗဟိုဌာန ကရင်ပြည်နယ်လုံးဆိုင်ရာ ပရဟိတကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ နရိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံသို့ ဦးကျန်ကြွေနှင့် စနီး ဒေါ်ရီရီလွင် မိသားစုတို့က ငွေကျပ် သိန်း ၂၀ ကို သာသနာပွဲလုပ်ငန်းများအတွက် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်မရမ်းကုန်းမြို့နယ်ရှိ ၂၃၀ ကေဗွီ ဘုရင့်နောင်မတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်ဖြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းသေးက ဘုရင့်နောင်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဓာတ်အားပို့လွှတ်မည့် အစီအစဉ်များကို ထပ်မံရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် (၆၆)ကေဗွီ ခလုတ်တလင်းအတွင်း ကရိန်းကြီးများအသုံးပြု၍ ၂၃၀/၆၆/၁၁ ကေဗွီ ထရန်စဖော်မာ Bushing တပ်ဆင်နေမှု၊ Switch Yard အတွင်း တပ်ဆင်ပြီးစီးနေသည့် Polymar Insulated L.A ကိုလည်းကောင်း၊ Cable ကြိုးများ ရောက်ရှိနေမှုနှင့် ဓာတ်အားခွဲရုံဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုများကို လုပ်ငန်းလည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အလုံဖြို့နယ်၌ တည်ရှိသော ဟုန်ဟိုင်း ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဝန်ကြီးအား ဓာတ်အားခွဲရုံ ရုံးခန်း၌ ဓာတ်ငွေ့နှင့် ရေနွေးငွေ့စက်ရုံများဌာနမှ လက်ထောက်အင်ဂျင်နီယာချုပ် ဦးညွှန့်အောင်က ဟုန်ဟိုင်း ဓာတ်အားခွဲရုံသို့ အလုံဓာတ်အားပေးစက်ရုံမှ ဓာတ်အားလက်ခံရရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဟုန်ဟိုင်းခွဲရုံ၏ ခလုတ်တလင်းအတွင်း လျှပ်စစ်ဓာတ်အားအဝင်လိုင်း၊ အထွက်လိုင်းတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံဓာတ်အားခွဲရုံသို့ ရောက်ရှိရာ လက်ထောက်အင်ဂျင်နီယာချုပ် ဦးညွှန့်အောင်က ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားဖြန့်ဖြူးရေးအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲကျင်းပ

ရန်ကုန် နိဝင်ဘာ ၁၆

ရန်ကုန်ဖြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ကြီးမှူးကျင်းပသည့် ဘေးအန္တရာယ်ဖြစ်စေတတ်သည့် စွန့်ပစ်ပစ္စည်းများအကြောင်း ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာစက်မှုဇုန်(၁) ဆိပ်ကမ်းသာလမ်းရှိ United Paints Group (UPG) သဘောဆောစက်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ United Paints Group (UPG) Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်ဖြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဒုတိယဌာနမှူး ဦးမြင့်သိန်းက ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရန်ကုန်ဖြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးစိုင်းစံဦးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးအတွက် ရန်ကုန်ဖြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒုတိယဌာနမှူး ဦးမြင့်သိန်းက ဘေးအန္တရာယ်ဖြစ်စေတတ်သည့် စွန့်ပစ်ပစ္စည်းများ အကြောင်းကို လည်းကောင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်မော်က စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်းအကြောင်းကို လည်းကောင်း ဟောပြောကြပြီး တက်ရောက်ကြသူများ၏ ဆွေးနွေးမေးမြန်းချက်များ ကို ပြန်လည်ရှင်းလင်း ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျီးသဲ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိဝင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲ အထကမှ အငြိမ်းစား ဆရာ၊ ဆရာမများအား တပည့်ဟောင်းများက (ပြာသိုလဆန်း ၆ရက်) ဒီဇင်ဘာ ၂၄ရက်(တနင်္ဂနွေ)တွင် စတုတ္ထအကြိမ်မြောက် နှစ်(၅၀) ရွှေရတုအကြို မြတ်ဆရာပူဇော်ပွဲကို ယင်းကျောင်းပညာမိမာန်ခန်းမ၌ ကျင်းပ ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များသည်အလှူငွေများကို ဦးသန်းကြွယ် (မြို့နယ်ပညာရေးမှူး-ငြိမ်း)၀ုန်း-၀၅၃-၂၅၃၀၊ ဦးခင်မောင်ဝင်း(သုခအောင်) ဖုန်း-၀၁-၂၄၇၉၀၀၊ ဦးအေးမြင့် (ရန်ကုန်) ဖုန်း-၀၉-၅၀-၀၁၆၄၄၊ ဦးမြင့်ဦး(ရန်ကုန်) ဖုန်း-၀၁-၆၅၀၀၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှင့် ကန်တော့ခံ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်ကြားစာ မရရှိသော်လည်း တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် နိဝင်ဘာ ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို နိဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဦးလှအောင်က တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ ရုံးချုပ်အရာထမ်း၊ အမှုထမ်းများ၊ ပြည်နယ်၊ တိုင်းရုံးများမှ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၉၀ တက်ရောက်ကြပြီး သင်တန်းတွင် ထူးချွန်သည့် ပထမဆုရ ဆင်ဖြူကျွန်းရုံးခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး(ရာဖြတ်) ဒေါ်ထက်ထက်အောင် **(အောက်ပုံ)**၊ ဒုတိယဆုရ ချောင်းဆုံရုံးခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး(ရာဖြတ်) ဒေါ်စန္ဒာခွန်နှင့် တတိယဆုရ နွားထိုးကြီးရုံးခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး(ရာဖြတ်) ဒေါ်တင်တင်မြတို့အား ဒုတိယအထွေထွေမန်နေဂျာက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ (ကြေးမုံ)

မြဝတီချပ်မြင်သံကြားအဓိဘာခဉ်

၁၇-၁၁-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ မြဝတီအဖွင့်
၆း၀၅ ၂။ အဖွင့်သီချင်း
၆း၁၀ ၃။ မျိုးချစ်တပ်မတော်
၆း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၆း၃၀ ၅။ မြန်မာ့ဓလေ့ဆိုနားဝင်
၆း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအရဉ်
၇း၅၀ ၇။ သာယာသင်ကြေးခေတ်ဆန်းစား
၇း၅၅ ၈။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

၈း၃၀ ၁၀။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၈း၅၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၅၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်ရွေးပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စိုးဆင်းအချစ်သီချင်း
၄း၃၅ ၅။ နားဝင်ငြိမ့်စိုးသီချင်းကြိုး
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀ ၈။ သာယာသင်ကြေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေသသတင်း
၆း၃၀ ၁၂။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၃။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ ဓာတ်ပြုပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရပ်မြင်ဓာတ်လမ်း "လျှို့ဝှက်ချက်" (အပိုင်း-၃၄)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွဲ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရပ်မြင်ဓာတ်လမ်း "လွမ်းသမီး" (အပိုင်း-၂၄) (ဓာတ်သိမ်းပိုင်း)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ထန်းတပင်မြို့ဆက်သွယ်သည့်လမ်း ဟောက်လုပ်မှုလုပ်ငန်း မြို့တော်ဝန် ပို့လွှဲချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်သို့သွားရောက်၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ထန်းတပင်မြို့ ဆက်သွယ်ဖောက်လုပ်နေသည့် လမ်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် နံနက် ၇ နာရီတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှခြေလှမ်းချင်းကပ်ရှိလာရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူးဦးစိုလ်ဌေး၊ စစ်ဆေးရေးဌာန ဌာနမှူး ဦးအောင်စိုးသန်း၊ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကံညွန့်တို့က အနောက်ပိုင်းတက္ကသိုလ်နှင့် ထန်းတပင်မြို့ ဆက်သွယ်သည့် အရှည်ပေ ၁၆၅၀၀ (သုံးမိုင်တစ်ဖာလုံ)၊ လမ်းသားအကျယ် ၁၄ ပေရှိ လမ်းအား ကျောက်ချောကတ္တရာလမ်းသစ်ဖောက်လုပ်ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အနောက်ပိုင်းတက္ကသိုလ်နှင့် ထန်းတပင်မြို့နယ် ပေါင်းကူးဆက်သွယ်ထားသည့်လမ်းသစ်အား လာမည့်ဒီဇင်ဘာလတွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ယခင်က ထန်းတပင်မြို့နှင့် မြို့နယ်ရှိ ရွာသစ်ကျေးရွာ၊ ထိန်နှစ်ပင်ကျေးရွာ၊ စည်ပင်သာကျေးရွာ၊ အေးရွာလေးကျေးရွာ၊ ဒနဲကြီးကျေးရွာတို့မှ အနောက်ပိုင်း တက္ကသိုလ်သို့ တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ထန်းတပင်မြို့မှ အမှတ်(၅)လမ်း ရွှေပြည်သာတံတားလမ်း၊ အနောက်ပိုင်း တက္ကသိုလ်အဝင်လမ်းဆုံမှ တက္ကသိုလ်ထိ ၁၅ မိုင် ခရီးသွားရသည်။ အထက်ပါလမ်း ပြီးစီးသွားပါက သုံးမိုင်တစ်ဖာလုံ ခရီးသာသွားရမည်ဖြစ်၍ ၁၁ မိုင် ခုနစ်ဖာလုံ ခရီးကျိုသွားမည်ဖြစ်သည်။

(၁၉)

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြှုပ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်ဖြန့်မာ ရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် ဘားအံမြို့ (၄)ရပ်ကွက် ကမ်းနား လမ်းနေ မိဘများဖြစ်ကြသည့် ဦးရွှေသွင်-ဒေါ်စမ်းညွှန့်တို့အား ရည်စူး၍ သား ကိုတင်ထွန်းအောင်က အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို အထွေထွေ အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)ရှေ့ မောက်တွင် အကျိုးတော်ဆောင် မောင်အောင်နိုင်စိုး(ညောင်ဦး)ထံသို့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-၀)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်နှင့် ထန်းတပင်မြို့သို့ ဆက်သွယ် ဖောက်လုပ်နေသည့် ကျောက်ချော ကတ္တရာလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီး မြန်မာဂေါက်ကလပ်က ကျင်းပသော စတုတ္ထအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် ကိုးမိုင် ဂေါက်ကွင်း၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာဂေါက်ကလပ်မှ Handicap and Tournament ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်ထွန်းက အမျိုးသမီးအသက် (၁၀-၁၈)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း ၂၁၃ ချက်ဖြင့် တတိယရရှိသော ကောသန့်ဇင်၊ စုစုပေါင်း ၁၉၈ချက်ဖြင့် ဒုတိယရရှိသော မေဦးခိုင်နှင့် စုစုပေါင်း ၁၉၈ချက်ဖြင့် ပထမရရှိသော ယဉ်မေမျိုးတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက အမျိုးသား အသက်(၁၀-၁၂)နှစ်အတန်းပြိုင်ပွဲတွင် ကြိုးစားပြီး အကောင်းဆုံးရိုက်သွားနိုင်သော အထူးဆုရရှိသည့် ဖုန်းပြည့်ချမ်းဟန် (၇)နှစ်အား ဆုချီးမြှင့်ပြီး ယင်းအတန်းပြိုင်ပွဲတွင် စုစုပေါင်း ၁၈၂ချက်ဖြင့် တတိယရရှိသော ခွန်အောင်မြတ်၊ စုစုပေါင်း ၁၇၂ချက်ဖြင့် ဒုတိယရရှိသော အောင်ကျော်လင်းနှင့် စုစုပေါင်း ၁၆၉ ချက်ဖြင့် ပထမရရှိသော ခွဲလင်းငွေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Han Golf Masters Pte., Ltd. CEO Professional Golfer ဦးချမ်းဟန်က အမျိုးသားအသက် (၁၃-၁၆)နှစ်အတန်း ပြိုင်ပွဲတွင် စုစုပေါင်း ၁၆၈ ဖြင့် တတိယရရှိသော စွမ်းသီဟအောင်၊ စုစုပေါင်း ၁၅၈ချက်ဖြင့် ဒုတိယရရှိသော ဉာဏ်လင်းသန့်နှင့် စုစုပေါင်း ၁၅၈ ချက်ဖြင့် ပထမရရှိသော ဉာဏ်လင်း တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသား အသက် (၁၆-၂၀)နှစ်အတန်း ပြိုင်ပွဲတွင် စုစုပေါင်း ၁၄၈ ချက်ဖြင့် တတိယရရှိသော ရန်မျိုးအေး၊ စုစုပေါင်း ၁၄၈ချက်ဖြင့် ဒုတိယရရှိသော ရန်နိုင်ဖြိုး နှင့် စုစုပေါင်း ၁၄၂ချက်ဖြင့် ပထမရရှိသော နေဇလဝင်းမြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စတုတ္ထအကြိမ်မြောက် ပွဲစဉ်တွင် ပါဝင် ယှဉ်ပြိုင်ကစားခဲ့ကြသော မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားသမားများ တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အားကစားစိတ်ဓာတ် ကြွစိုင်ဖွံ့ဖြိုးမြင့်မားရေးတို့အတွက် Han Golf Masters Pte., Ltd က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Srixon၊ Han Event Management၊ Han Golf Masters Academy၊ Myanmar Golf Club Driving Range၊ Han Golf Course Design and Construction နှင့် Golf Masters Magazing တို့ကလည်း ထပ်မံ၍ ပါဝင်ကူညီပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုရလူငယ်များ

၂၀၀၆ခုနှစ် စတုတ္ထအကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသည့် လူငယ်များအား မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ အမှုဆောင်များနှင့်အတူ တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

EPSON ပရင်တာ မော်ဒယ်အသစ်များနှင့် Durabrite Ultra Ink နည်းပညာသစ် မိတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၁၆

Client Focus Technology Group နှင့် EPSON (Thailand) Co., Ltd တို့မှ ပူးပေါင်းစီစဉ်သော EPSON ပရင်တာ မော်ဒယ်အသစ်များနှင့် Durabrite Ultra Ink နည်းပညာသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် သရုပ်ပြပွဲကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ကွန်ျတာ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် Client Focus Technology Group မှ အမှုဆောင် အကြီးပေးအရာရှိ Mr. Francis Au Seng Huat က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အထွေထွေမန်နေဂျာ ဦးအောင်ကျော်မိုးက EPSON အမျိုးအစား All in One Printer များ၊ Durabrite Ultra Ink နည်းပညာသစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသပြီး EPSON Ink Jet Printer မော်ဒယ်အသစ်များ ဝယ်ယူသူများအား အထူးနှုန်းဖြင့် ရောင်းချပေးသည်။

Client Focus Technology Groupက တင်သွင်းသော EPSON Ink Jet Printer များ၊ LCD Projector များကို အမှတ်-၇(ဃ) ပြည်လမ်း ခြောက်မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၃၃၇၁၀၉၃သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် EPSON အရောင်းပြခန်းကို အမှတ် (၁၃၀) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၃၄၄၊ ၂၄၉၃၄၅၅၊ ၃၇၄၁၁၀၊ ၃၉၁၄၀၉၃၄၅၂ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ (သတင်းစဉ်)

EPSON ပရင်တာမော်ဒယ် အသစ်များနှင့် Durabrite Ultra Ink နည်းပညာသစ်မိတ်ဆက်ပွဲတွင် Client Focus Technology Group မှ အမှုဆောင်အကြီးပေးအရာရှိ Mr. Francis Au Seng Huat ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ခြေစစ်ပွဲအောင် မြန်မာအမျိုးသမီး ဘောလုံးအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၆

မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အသက်(၁၉)နှစ်အောက် အာရှလူငယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ၌ ခြေစစ်ပွဲအောင်မြင်ခဲ့သော မြန်မာလူငယ်လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ယနေ့ညနေ ၃ နာရီ ၁၅မိနစ်က ရန်ကုန်ဖြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဝေနှင့် အမှုဆောင်များ၊ အားကစားသမားများ၊ ဆွေမျိုး မိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်ဝင်ကြိုဆိုနှုတ်ဆက် ကြသည်။

ခြေစစ်ပွဲအောင် မြန်မာလူငယ် အမျိုးသမီးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူအဖြစ် ဦးအေးမောင်လေး၊ နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးအုန်းကြိုင့်နှင့် ဦးမျိုးချစ်၊ ဆေးမှူးအဖြစ် ဒေါက်တာမြလေးစိန်အားကစားသမား များအဖြစ် သင်းသင်းစိုး၊ ခင်ခင်မူ၊ နော်အားလိုပါဖေ၊ ခင်မာလာထွန်း၊ အိအိဖြူး၊ မူးလွင်၊ ခင်မိုးဝေ၊ စုဦမိုးအေး၊ သန္တာမိုး၊ မေသက်ဖြူ။ နိုလာမြင့်၊ ဖူးပွင့်ခိုင်၊ အေးငြိမ်းသူ၊ စုမွန်အောင်၊ ရွှေစင်အောင်၊ ယဉ်မင်းလှိုင်၊ အေးအေး မာ၊ စုစုထွန်း၊ အေးအေးခိုင်နှင့် သီရိမြတ်တို့ ပါဝင်ကြသည်။

မြန်မာလူငယ်အသင်းသည် ခြေစစ်ပွဲ (က)အုပ်စုတွင် ပါဝင်ခဲ့ပြီး အိန္ဒိယ အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ဂျော်ဒန် အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ထိုင်းအသင်း နှင့် သုံးဂိုးစီသရေ၊ စင်ကာပူအသင်းကို ၁၁ဂိုး–တစ်ဂိုးတို့ဖြင့်နိုင်ကာ သုံးပွဲနိုင်၊ တစ်ပွဲသရေ ၁ဝ မှတ်ရရှိသည်။ ၁ဝမှတ် ရရှိသော ထိုင်းလူငယ်အသင်းနှင့်အတူ မြန်မာလူငယ်အသင်းမှာ ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ (ကြေးမုံ)

အာရှလူငယ် ယူ–၁၉ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာလူငယ်အသင်းအား မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဝေ နှင့် ကြိုဆိုသူများနှင့်အတူ ထွေ့ရစဉ်။ (ကြေးမုံ)

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာရွက်လှေအားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၆

၂၀၀၆ ခုနှစ် ကာတာနိုင်ငံ၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့် ခေါင်းဆောင်သည့် မြန်မာရွက်လှေအားကစား အဖွဲ့ဝင် စုစုပေါင်း ၁၇ဦးသည် ယနေ့နံနက် ၇နာရီခွဲတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဖွင့်လှစ်

ကြည်မြင့်တိုင်ဖြို့နယ် ပန်းတဉ်းတန်း အရှေ့တောင်ဝတ်အသင်း၏ (၆၅)ကြိမ်မြောက် ရွှေတိဝုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းတော်များ ကပ်လှူရန်၊ စေတနာရှင်များ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် လှည့်လည်သည့် အပူဇော်ခံပွဲတော်ကို အသင်းဥက္ကဋ္ဌ ဦးတင်ရွှေက ဖဲကြိုးဖြတ်၍ လှည့်လည်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကြည်မြင့်တိုင်ဖြို့နယ် ပန်းတဉ်းတန်း အရှေ့တောင်ဝတ်အသင်း ရွှေသင်္ကန်းတော်များ လှည့်လည်အပူဇော်ခံပွဲ စတင်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

ကြည်မြင့်တိုင်ဖြို့နယ် ပန်းတဉ်းတန်း အရှေ့တောင်ဝတ်အသင်း၏ (၆၅)ကြိမ်မြောက် ရွှေတိဝုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းတော်များ ကပ်လှူခြင်းမပြုမီ ရွှေသင်္ကန်းတော်များကို အလှူရှင်၊ စေတနာရှင်များ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် လှည့်လည်အပူဇော်ခံပွဲကို နိုဝင်ဘာ ၁၃ရက်က စတင်ကျင်းပသည်။

လှည့်လည်အပူဇော်ခံပွဲ အခမ်းအနားကို နံနက် ၇နာရီတွင် အသင်းခမ္မာရုံ ရှေ့ရှိ အလှူမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရွှေဦးစွာ မြတ်စွာဘုရားအား နမော်တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ပြီး အခမ်းအနားကို ဖွင့်လှစ် သည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးတင် ရွှေက ဖဲကြိုးဖြတ်၍ လှည့်လည်ပွဲကို ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို စတင်ထွက်ခွာရာတွင် ကြည့်မြင်တိုင် ဖြို့နယ်အတွင်း၌ လည်းကောင်း၊ နိုဝင်ဘာ၁၄ရက်တွင် စမ်းချောင်းဖြို့နယ် အတွင်း၌ လည်းကောင်း လှည့်လည် အပူဇော်ခံသည်။

ယခုနှစ်(၆၅)ကြိမ်မြောက် ရွှေသင်္ကန်း တော်များ ကပ်လှူပူဇော်ပွဲတွင် တစ်ပေ ပတ်လည် အလေးချိန် သုံးကျပ်သားစီရှိ ရွှေပြားသင်္ကန်းတော် ၃ဝပြား စုစုပေါင်း အလေးချိန် ၉ဝကျပ်သား၊ တန်ဖိုးငွေ ၄ဝ၅သိန်း တန်ဖိုးရှိ ရွှေပြားသင်္ကန်း တော်များကို လူဒါန်းမည်ဖြစ်သည်။ အဆိုပါလူဒါန်းမည့် ရွှေပြားသင်္ကန်း တော် ၃ဝပြားကို ဆင်ဖြူတော်များပေါ် တွင် ဗြဟ္မာမင်းကြီးများ ကိုင်ဆောင် ပူဇော်ဟန်ဖြင့် လှည့်လည်အပူဇော်ခံ သည်။

ပန်းတဉ်းတန်း အရှေ့တောင်ဝတ် အသင်းခမ္မာရုံ အလှူမင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာ ၁၆ရက်မှ ၂၅ရက် အထိ ၁ဝရက်တိုင်တိုင် တရားပွဲ များ ကျင်းပမည်ဖြစ်ပြီး မွန်ကထိက ဆရာတော် ၁ဝပါးက နိဗ္ဗာန်ရောက်ကြောင်း တရား တော်များကို ညစဉ် ၇နာရီမှ ၈၌ ဟောကြားမည်ဖြစ်သည်။

နိုဝင်ဘာ ၂၆ရက်၊ ၂၇ရက်များတွင် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းမည် ဖြစ်ပြီး နိုဝင်ဘာ ၂၈ရက်တွင် ဘုရား အမှူးပြုသော ပဉ္စသဲယာ ၅၈ပါးတို့အား အရှေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး စာရေးတော်မဲများ လှူဒါန်းကာ ရေစက်ချ မင်္ဂလာ အခမ်းအနားကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

စီးပွားရေးတက္ကသိုလ်အာစရိယပူဇော်ပွဲကို စီးပွားရေးတက္ကသိုလ်ဘွဲ့ရအသင်းမှ ကြီးမှူး၍ ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီတွင် စီးပွားရေးတက္ကသိုလ်(ပင်မ) အခန်း(၁၀)၌ နှစ်စဉ်ကျင်းပသည့် အစဉ်အလာအတိုင်း ကျင်းပမည်ဖြစ်သည်။ အဆိုပါအာစရိယပူဇော်ပွဲသို့ ကျောင်းသူ ကျောင်းသားဟောင်းများ စုံညီစွာ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးစီးတင့်အောင် ဥက္ကဋ္ဌ ဖုန်း–၅၃၄၄၁၂၊ ဦးသင်းမောင် ဒုတိယဥက္ကဋ္ဌ–ဖုန်း–၀၉–၅၁၀၀၄၆၀၊ ဦးခိုင်ဝင်း ဖုန်း–၃၈၃၈၃၅၊ ဒေါ်နန့်မေစန်း ဖုန်း–၃၇၇၂၉၀နှင့် ဦးလှငြိမ်း အတွင်းရေးမှူး–ဖုန်း–၅၃၄၄၀၄ တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဘာစီလိုနာအသင်းတွင် ကစားရန် နယူးကာဆယ်တိုက်စစ်မှူး စိတ်ဝင်စား

မဒရစ် နိုဝင်ဘာ ၁၆

နယူးကာဆယ်ယူနိုက်တက်အသင်း၏ တိုက်စစ်မှူး အဲလ်ဘတ်လူကွာသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ရပ်တည်ချက်တစ်နေ့ရာရှိရုန်း ကြိုးပမ်းအားထုတ်ခဲ့ရပြီးနောက် စပိန်နိုင်ငံသို့ ပြန်လည်သွားရောက်ကာ ဘောလုံး ကစားရန် စိတ်ဝင်စားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ထိပ်တန်းမှ ဦးဆောင်နေသော ဘာစီလိုနာအသင်း၏ အရေးပါသော တိုက်စစ်မှူးများ ထိခိုက်ဒဏ်ရာရသည် ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီးနောက် စပိန်နိုင်ငံသို့ ပြန်လည်သွားရောက်၍ ဘောလုံးကစားရန် အဲလ်ဘတ်လူကွာလိုလားသည်ဟု စပိန် မီဒီယာများက ရေးသားဖော်ပြသည်။

အဲလ်ဘတ်လူကွာသည် ဘာစီလိုနာ လက်ရွေးစင်ဘောလုံးအသင်း၏ ဘောလုံးသမားဟောင်း တစ်ဦးဖြစ်ခဲ့သည်။ အသက်(၂၈)နှစ်အရွယ်ရှိ လူကွာသည် လွန်ခဲ့သည့်နှစ် ဩဂုတ်လတွင် ဒီပေါ်တိဗိုကော်ရူနာအသင်းမှ နယူးကာဆယ်အသင်းသို့ ရွှေ့ပြောင်းခဲ့သည်။ ၎င်းသည် အသင်းပြောင်းရွှေ့ကြေး ယူရို ၁၄သန်းဖြင့် ငါးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို ချုပ်ဆိုခဲ့သည်။

အင်တာနက်။

ယူရို–၂၀၀၈ ခြေစစ်ပွဲများ ကျင်းပ ဂျာမနီနှင့် ဆိုက်ပရပ် သရေကျ

လန်ဒန် နိုဝင်ဘာ ၁၆

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို ဗုဒ္ဓဟူးနေ့က ကျင်းပသည်။

ချန်ပီယံဆုဖလားကို သုံးကြိမ်တိုင်တိုင် ရရှိခဲ့သော ဂျာမနီအသင်းနှင့် ဆိုက်ပရပ်အသင်းတို့ နိုက်ဂုံးရှားတွင် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဝိုးစီဖြင့် သရေကျခဲ့ကြသည်။

ပွဲချိန် ၁၆ မိနစ်တွင် မိုက်ကယ်ဘောလက်က ဂိုးသွင်းသဖြင့် ဂျာမနီ အသင်း ဦးဆောင်ကစားနိုင်ခဲ့သည်။ အုပ်စု(ဃ)တွင် ပါဝင်သော ဂျာမန် အသင်းသည် ယင်းအုပ်စုတွင် လေးပွဲဆက်တိုက် အနိုင်ရရှိမည်ဟု မျှော်လင့် ခဲ့ကြသော်လည်း ယန်နာကစ်အုတ်ကလက်စ်၏ ချေပဂိုးကြောင့် သရေကျခဲ့ရပြီး ဆိုက်ပရပ်အသင်းမှလည်း ရှုံးနိမ့်ရမည့်အရေးကို ရှောင်လွှဲနိုင်ခဲ့သည်။ ဆိုက်ပရပ်အသင်းသည် လွန်ခဲ့သည့် တစ်လက အိုင်ယာလန်အသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ဃ)၌ပင်ပါဝင်သော အိုင်ယာလန်အသင်းနှင့် ဆန်မာရီနိုအသင်းတို့ ဒဗ္ဗလင်မြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားကြရာ အိုင်ယာလန်အသင်းက ဆန်မာရီနိုအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ယင်းပွဲတွင် အိုင်ယာလန် အသင်းမှ ရော်ဘီကိန်းတစ်ဦးတည်းက သုံးဂိုးသွင်းယူခဲ့သည်။

အုပ်စု(က) ရလဒ်များ

ဖင်လန် (၁–၀) အာမေနီးယား
ပေါ်တူဂီ (၃–၀) ကာကော်စတန်
ဘယ်လ်ဂျီယံ (၀–၁) ပိုလန်

အုပ်စု(ဇ) ရလဒ်များ

အစ္စရေး (၃–၄) ခရိုအေးရှား
မက်ဆီဒိုးနီးယား (၀–၂) ရုရှား

အင်တာနက်

ကြက်လျှာစွန်း ဒံပေါက်နှင့် ဟင်းချိုးစုံ

Since - 1947

HALAL

ကြက်လျှာစွန်း ဒံပေါက် ဆိုင်ခွဲအမှတ် (၁)ကို အမှတ် (၂၅၁)၊ ဗားကရာလမ်း၊ (မြေနီကုန်း)

စမ်းချောင်းမြို့နယ်၊(ဂမုန်းပွင့်ကုန်တိုက်အနီး)တွင် (၁၇-၁၁-၂၀၀၆) မှ စတင်ဖွင့်လှစ်လိုက်ပါပြီ။

- ကြက်သားဒံပေါက်
- ဆိတ်သားဒံပေါက်
- ကြက်အသဲအမြစ်ဒံပေါက်
- သက်သတ်လွတ်သီးစုံဒံပေါက်

တစ်ခါနက်ဝယ်ယူအားပေးသောဖောက်သည်များကို လျှော့လဲ့ခွာကျေးဇူးတင်ရှိပါသည်

ဦးကာစင် – ကြက်လျှာစွန်းဒံပေါက်

ပင်ရင်း ✦ အမှတ် (၆၅)၊ ၁၁ရ - လမ်း။ မဒုကုန်းမီးပွိုင့်(မင်္ဂလာဈေးအနီး)၊ရန်ကုန်ပြို့ ☎ - ၂၉၄၈၆၇၊ 📠 - ၀၉-၅၀၁၀၁၂၀

ဆိုင်ခွဲ(၁) ✦ အမှတ်(၂၅၁)၊ ဗာကရာလမ်း၊(မြေနီကုန်း)စမ်းချောင်းမြို့နယ်၊(ဂမုန်းပွင့်ကုန်တိုက်အနီး)။ 📠 - ၀၉-၅၁၀၈၂၂၅၅

ပင်ရင်းဆိုင်နှင့် ဆိုင်ခွဲအမှတ် (၁)မှအပ အခြားမည်သည့်နေရာတွင်မှ ဆိုင်ခွဲဖွင့်လှစ်ရောင်းချခြင်းမရှိပါ။

မင်္ဂလာဦးဆုတောင်းလွှာ

ချစ်သားကြီး ကိုဘုန်းနှင့် မနှယ်နီတို့၏ ၁၁-၁၁-၂၀၀၆ မင်္ဂလာ ရက်မြတ်မှသည် နှစ်တစ်ရာတိုင် ပျော်ရွှင်နိုင်ပါစေ။

ချစ်မေမေ–ဦးမြင့်ရှိန်
ချစ်မေမေ–ဒေါ်ကြင်ဌေး
ချစ်ညီမလေး–ခင်နီလာရှိန်
ချစ်ညီလေး–Dr. နန္ဒာရှိန်

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်အာရာ (၉/မရတ(နိုင်) ၀၈၃၇၃၂၏ PP- 709493သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph: -391064

ကျေးဇူးဆပ်ပါမည်

ကျွန်မ ကော်ယုံဆိုင်၏ နိုင်ငံကူးလက်မှတ် အမှတ်-၂၇၃၂၁မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ Ph: 384962

အာစရိယပူဇော်မည်

ရန်ကုန် နိဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းရွာဦးမြို့အထက (၁) ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကိုယင်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်၍ လူဒါန်းလိုသူများသည် ဆရာဦးကိုကိုကြီး ဖုန်း-၅၂၁၁၁၁၊ ဦးသန်းခဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၊ ဦးကလိုင်းမောင် ဖုန်း-၂၉၇၉၀၆၊ မန္တလေး ဆရာဦးကို အေး ဖုန်း-၀၂-၂၂၇၀၆၊ ဦးကျော်ဝင်း(ရွှေဘို စတိုး) ဖုန်း-၀၂-၅၄၁၄၇၈ တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

မခင်ဘမည်မုန်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အထက(၂)၊ ဒဿတန်း(B)မှ မောင်သန်းထိုက်အောင်၏ ဖခင်အမည် မှန်မှာ ဦးကြီးကြီး ဖြစ်ပါကြောင်း။

ဦးကြီးကြီး

အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်း ရွာဦးမြို့ အထက (၁) ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကိုယင်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်၍ လူဒါန်းလိုသူများသည် ဆရာဦးကိုကိုကြီး ဖုန်း-၅၂၁၁၁၁၊ ဦးသန်းခဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၊ ဦးကလိုင်းမောင် ဖုန်း-၂၉၇၉၀၆၊ မန္တလေး ဆရာဦးကို အေး ဖုန်း-၀၂-၂၂၇၀၆၊ ဦးကျော်ဝင်း(ရွှေဘို စတိုး) ဖုန်း-၀၂-၅၄၁၄၇၈ တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

၁၉၇၁-၇၉ ဆေးတက္ကသိုလ်(၁) ကျောင်းသူ၊ ကျောင်းသားဟောင်းများမှ ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးကို သတိရသောအားဖြင့် အသက်(၇၅)နှစ်အထက် သက်ကြီးဆရာပူဇော်ကန်တော့ပွဲကို ယခင်နှစ်များနည်းတူ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရွဲ – ၃-၁၂-၂၀၀၆ (တနင်္ဂနွေ)
နေရာ – မဟာသင္ဃိ သုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး တာမွေ၊ နတ်ချောင်းရပ်ကွက်၊ ရန်ကုန်မြို့
အချိန် – နံနက် ၉ နာရီ

ကျင်းပရေးကော်မတီ

ဧည့်ခံကြောင်းလမ်းပြီးစီးခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့၊ သီရိရပ်ကွက်နေ ဦးမော်–ဒေါ်ခင်စောမုတို့၏ သား

ဒေါက်တာဖြိုးသီဟမော် (အလုပ်သင်ဆရာဝန်)
အမျိုးသမီးနှင့် ကလေးဆေးရုံ(တောင်ကြီး)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်အမှတ်(၁၈/၂၀)၊ အခန်း(၅)၊ သဲလမ်း (၇)ရပ်ကွက်နေ (ဦးလှ)–ဒေါ်ရင်မေတို့၏ သမီး

မမေရီလှ M.A (Myanmar)
(နုည်းပြ ဆေးတက္ကသိုလ်မန္တလေး)

တို့သည် ၁၂-၁၁-၂၀၀၆ရက်တွင် နှစ်ဖက်မိဘများ၏ရှေ့မှောက်၌ ဧစုစပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်မိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

ဒေါက်တာဖြိုးသီဟမော်–မမေရီလှ

ဆိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သဲသုမာလမ်း၊ အမှတ်(၁၃)နေ ဦးလှဖြိုး–ဒေါ်တင်လှဝင်း (ဝင်းသော်တာစတိုး)တို့၏ သား

မောင်မျိုးမင်းဇော်ဖြိုး B.Sc (Maths)
Miraco Marine Services Pte, Ltd.

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၂၀၃)နေ ဦးမြင့်သိန်း–ဒေါ်ရွှေတင် (DVD KING)တို့၏ သမီးကြီး

မဖြူဖြူအေး B.Sc (Maths)

တို့ကို ၁၀-၁၁-၂၀၀၆ ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသောတိုင်းဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းအားလည်းကောင်း၊ ၁၆-၁၁-၂၀၀၆ရက်တွင် Central Hotel ၌ ကျင်းပသော မင်္ဂလာဆောင်စံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဒုတိယဗိုလ်မှူးကြီးတင်ထွန်း [ပါမောက္ခချုပ်(ငြိမ်း) ဗဟိုဝန်ထမ်းတက္ကသိုလ်]နှင့် ဇနီး ဒေါ်ခင်စိန်အားလည်းကောင်း၊ မင်္ဂလာဆည်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလှကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်မိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဟေမာနေဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော ရောင်စဉ်ပွင့်တေးဂီတအဖွဲ့နှင့် Central Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးနှင့် မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လိုက်လံစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမင်းဇော်ဖြိုး–မဖြူဖြူအေး

ပါမောက္ခဒေါက်တာ

နွဲ့ငြိမ်းမိုး

သုတေသန စာပေများ

အသစ်ထုတ်ဝေ ပုံနှိပ် - ၃၂၄၅၅၅ ထွက်ပြီ

ကျေးဇူးဆပ်ပါမည်

မဝဂဲ၊ အသက်(၁၀)နှစ်၊ ကရင်၊ အသားဖြူ ၄ ပေခန့်၊ ၁၉-၁၀-၂၀၀၆ နေ့တွင် နေအိမ်မှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း- ၂၂၇၃၉၄**

El Dorado

162, 36th (mid),Kyauktada, Yangon.
Ph: 381217, 381334

ကွန်ပျူတာဂရပ်ဖစ် အိုဇိုင်းပန်တီးခြင်းဆိုင်ရာလက်တွေ့အတွေ့အသုံးချသင်တန်း

Adobe Illustrator CS,
PhotoshopCS2, IndesignCS

သီအိုရီနှင့်လက်တွေ့ပေါင်းစပ်၍ Adobe ရဲ့သင်္ဂီးသွန်းတမ်းဖြင့် သင်ကြားပေးသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

အတွဲ(၁)၊ အမှတ်(၄)

မေတ္တာရိုက မေတ္တာလာတတ်တာမဆန်းပါဘူး ဒါကြောင့်အားလုံးကိုမေတ္တာထားတတ်ပါတဲ့

သတင်းဂျာနယ်

- သည်တစ်ပတ်မှာရန်ကုန်တိုင်းရွှေန်ဥပဒွင်ကိုရောက်သွားတဲ့ ရိုမတောထဲကခက်ဝံတေ။
- ထီလောက်မှာစိမ်ခဲ့သမ်းယူထားတဲ့ပိုးယံ ● နှလုံးသားနှတယ်ဆိုတဲ့ရဲ့လေး ● သီချင်းရေးတဲ့အကြည်တော်
- သုဘရာစာဘဝကိုကေန်ပြန်တယ်ဆိုတဲ့ ကျော်သူ
- အေါက်တာအရွင်ဥာဏဝီသရဲ့ နှစ်ဝါဆယ်အိပ်မက် ● ကော်လံကလောင်ဖြစ်ခဲ့တဲ့သတို့
- ကင်ပွန်းစခန်းမှာကန်းကျခဲ့တဲ့ ကုက္ကိုလ်ပင်ကြီး
- ပီဒီယာသည် လူသတ်လက်နက်မဟုတ်ပါဆိုတဲ့ အောင်စိုးသူ
- မိုက်မိုက်(ပြည်)နှင့်ပတ်သက်၍ ရွှေနေတစ်ဦး၏ ဖွင့်ဟချန်ခဲ့ချက်
- သိုက်နန်းရှင်ဖြစ်ပေါ်တော်စောနန်စဝဲရဲ့ သာသနာ့ဖြန့်လုပ်နည်း ● သက္ကာ(ခေတ္တရာ)ရဲ့ ပင်စင်စားတို့ပုံစိုပ်ပြီ

ဖိုးသောဇာ(ခေတ်မီး) ဆေးဝါးတာရဲ့(ကလေးအထူးကု) ဟိန်းထက် ဆံစား ဇိမ်ခြင်းသိန်း ဝိုးခြင်းသန်း
အောင်ခြင်းမြင့်(စစ်တိုင်း) သတင်းဆောက်ဝင်ဆောင်ညွှန့် လနဖုန်းမိုး ဆောင်ဆောင်စလေး ဝိုင်း
ကာတွန်းဆရာ စံတာဆီးကို ဆေးဟရီ သန်းဆေ(တောင်ကြီး) ဆောင်ဆောင်ခြင်းသိန်း သဒ္ဓိသူဆောင်၊
မန်းကြီးတို့ရဲ့ ဝေဂ်ရာစုံ ... ကာတွန်းဖေသိန်ရဲ့ နိုတီ ...

ရန်ကုန် - ဗင်ဝိုစာပေ ဟက်ပွန်းပြည်စာပေ သီတာမိုးဟာစာပေ လာဘ်မိုးစွယ်စာပေ ဆင်ဝေဘင်ကြီးစာပေ ဦးစိုးဆောင်(ဦးဘကောင်းဆင်စာပေ) ဇိမ်ခြိုးဆောင်စာပေ ဦးမြင့်ဆောင် (၄၆)လမ်း ဘေးမြို့(ရွှေဆင်စာပေ) ဦးသန်းကွင်း(၄၆)လမ်း ဖိုင်ဝင်ဦးစာပေ(ဘွဲ့ဟုတ်ဂိုး) မြဝေါ်တာစာပေ(၂၉)လမ်း အထက်မြန်မာပြည် - ယွန်းကစ်မြန်ခိုဆွေကိုယ်စာရုပ်ကြီးဆွေ။ ပဲခူး - သင်းစာပေ။

လျှပ်တစ်ပြက်အတြက် ပရိုးမီးယားလိမ်း ဝိုးခိုးဆေး လာလိုက်ပွဲထုပ်များ

အသုံးပို ၄ မှတ်ချက်ပိုင်းသည် အဓိပ္ပာယ်ကင်းမဲ့(ပုံစံ) တာရန်ကိုအဲ့ဒီမှ

ဘယ်မှာမှဝယ်လို့မရတဲ့ဆိုရင် ဖုန်း-၀၁-၇၀၁ ၇၂၅၊ ၀၁-၇၀၀ ၉၉၈ ကို ဝယ်ယူမှာကြားနိုင်ပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ဆောင်ရွက်ပြီးစီးခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပ

ရန်ကုန် နိဝင်ဘာ ၁၆

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မော်ဘီဖြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့.–

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၂)၌ ကျင်းပရာ အလုပ်ကျသဘာပတိ အဖြစ် ဖြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းနှင့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင် (ခေါ်) ဦးမန်းမျိုးညွှန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၄)မှ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ***

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးဝါးခုတ်ဒေါင်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဖြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေး အဖွဲ့မှ ဦးစံသာအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၁၇-၁၁-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်ဖြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးဖြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ အာရုဂြစစ်ပွဲအောင် အသက်(၁၉)နှစ်အောက် မြန်မာလူငယ် အမျိုးသမီးဘောလုံးအသင်းအား ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်း၊ စာ-၁၂) (ကြေးမုံ)

နိုင်ငံ့အကျိုး၊ ရပ်ကွက်အကျိုးကို သယ်ပိုးဆောင်ရွက်လိုပြီး NLD ပါတီအပေါ် ယုံကြည်အားထားမှု မရှိတော့၍ ကောလင်းမြို့နယ် NLD ပါတီဝင်သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် နိဝင်ဘာ ၁၆

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော ဦးသိန်းဟန်၊ ဦးတိုးမောင်နှင့် ဒေါ်ဆွေဆွေသန်းတို့ သုံးဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ဩဂုတ် ၄ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုးကိုသာ ဆက်လက်သယ်ပိုးလုပ်ကိုင်ဆောင်ရွက်လိုပြီး NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီအပေါ်တွင်လည်း ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)